www.burmeseclassic.com

ပိုပို-စာပေ

# ပိုးစာပေါ်လမ်း

မိုးဆက်လင်းထက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၂၇၀၂၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၆၉၀၃၁၂ |
| အဖုံးဒီဇိုင်း | - | ကိုမျိုးဆွေသန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဧပြီလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

မိုးဆက်လင်းထက်

ဖူးစာပြေးလမ်း/မိုးဆက်လင်းထက်။ - ရန်ကုန်

စိုးမိုးစာပေ ၂၀၁၂

၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ၊

(၁) ဖူးစာပြေးလမ်း



# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com



ဤ ကို ဗေဒင်ဆရာက အင်္ဂါနံ့လုပ်ငန်းများနှင့် အကျိုးပေးမည်ဟု ပြောထားသောကြောင့် ဆိုက်ကားနင်းသည်။ ဆပ်ပြာပူဖောင်းရောင်းသည်။ စတီတ်ရှိုးလက်မှတ် မှောင်ခိုဆွဲသည်။ ဆပ်စလူးမတစ်ယောက်ကို ဆေးလိပ်ခုံတစ်ခု၌ အလုပ်သွင်းပေးဖူး၏။ (ထိုအတွက် ပွဲခရဖူးသည်)။ နောက်ဆုံး၌ ဆပ်ပြာမှုန့်စက်ရုံတစ်ခုတွင် အလုပ်ဝင်လုပ်ရင်း ဆပ်ပြာတစ်ထုပ်ခိုးမှုကြောင့် အလုပ်ပြုတ်သွားတာ ဆိုက်ကားပြန်နင်းရလေသည်။

ထို့ကြောင့် ယခု သူ ဆိုက်ကားနင်းသည့်အလုပ်ကိုသာ ပြန်

ဦး ၊ မို ၊ ၁ ၁ ၈ ပ

www.burmeseclassic.com

www.burmeseclassic.com



လည်လုပ်ကိုင်နေလေ၏။ ထိုအလုပ်ကို ဉစ္စာရင်းမှန်၍ သူ့ထံ ပြန်ရောက်လာသည်ဟု သူကတွက်၏။ ဗေဒင်ဆရာကလည်း. . .

"ခင်ဗျားဘဝက တစ်သက်လုံး ဆိုက်ကားနင်းရင်း ကြီးပွား သွားမယ့် ဇာတာပါတယ်ဗျ"

ဟု ပြောပြန်၍ သူ့ဘဝတစ်ခုလုံးကို ဆိုက်ကားနင်းခြင်း အလုပ်၌ မြုပ်နှံပစ်လိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထို့ကြောင့် ယခု သူသည် ဆိုက်ကားသမား မှတ်ကြီး၊

◆ ◆ ◆





သူ့ကို ခင်မင်သူတိုင်းက မှတ်ကြီးဟု ခေါ်ကြသည်၊ ကလေး တွေက ဦးမှတ်ကြီးဟု ခေါ်သည်၊ ဆိုက်ကားသမားအချင်းချင်းတ တော့ မောင်မှတ်ဟု ခေါ်သည်၊

မှတ်ကြီးသည် ဖင်ပေါ့သည်၊ ရပ်ကွက်ထဲက လူတွေ ဟိုဟာ ဝယ်ခိုင်းလည်း လုပ်ပေးသည်၊ ဒီဟာဝယ်ခိုင်းလည်း လုပ်ပေး၏၊ ကလေးကျောင်းကြို၊ ကျောင်းပို့များကိုလည်း သူ့ဆိုက်ကားကို လခနဲ့ ခိုင်းလျှင်လည်း လုပ်ပေးသည်၊

ထို့ကြောင့် မှတ်ကြီးသည် ဆိုက်ကားနင်းသည့် အလုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တည်းကိုမဟုတ်၊ ရပ်ကွက်ထဲက လူအများ လိုအပ်သည်များကို တောက်တိုမယ်ရ လုပ်ပေးရင်းမှ ကြာတော့ ပါလေရာမှတ်ကြီး ဖြစ်လာလေသည်။

မနက်မိုးလင်း မှတ်ကြီး အိမ်က ဆိုက်ကားနင်းပြီး ထွက်လာသည်နှင့် ဟိုလူက မှတ်ကြီး၊ ဒီလူက မှတ်ကြီး ဖြစ်နေတော့၏။ သူကလည်း မညည်းမညူ လုပ်ပေးတတ်သည်။

ထို့အပြင် မှတ်ကြီးက အကျင့်စာရိတ္တလည်း ကောင်းသည်။ ငွေရေး၊ ကြေးရေး စိတ်ချရ၏။ သူ့ကိုဝယ်ခိုင်းသည့် ပစ္စည်း၏တန်ဖိုးနှင့် ဆိုက်ကားခမှလွဲ၍ အပိုငွေ တင်ပြခြင်းမရှိ။ သူ့ဘဝတွင် အဝတ်လျှော်ဖို့ အေးမိအတွက် ပိုးကြေးပန်းကြေးအဖြစ် ဆပ်ပြာမှုန့်တစ်ထုပ် ခိုးပေးမိသည်မှလွဲ၍ သူတစ်ပါးပစ္စည်းကို မတရားမယူခဲ့ပေ၊ ဒါကလည်း တစ်ခါလုပ် တစ်ခါမိဖြစ်သည်၊ အချစ်အတွက် သူ အလုပ်ပြုတ်သွားသည်။

အခုတော့ ယခင်မူလအတိုင်း ဆိုက်ကားသမား မှတ်ကြီး ပြန်ဖြစ်သွားရတော့၏။

ဘာပဲဖြစ်ဖြစ် မှတ်ကြီးသည် ကလေး၊ လူကြီး အကုန်ချစ်သော၊ လူချစ်လူခင် ပေါများသော ဆိုက်ကားသမားတစ်ယောက်ပင်





ဖြစ်လေသည်။

"ဟဲ့ မှတ်ကြီး၊ ဘယ်သွားမလို့လဲ"

မုန့်ဟင်းခါးရောင်းသည့် ဂျမ်းဘုံက လှမ်းမေးသည်၊ မှတ်ကြီးက ဆိုက်ကားနင်းနေရင်းနှင့်. . .

"ထုံးစံအတိုင်း. . . ထုံးစံအတိုင်း"ဟု လှမ်းအော်သွား၏၊

"ဒါဆိုလည်း အပြန်ကျ ဆိုင်အတွက် ငါးဆယ်သားလောက် ဝင်ဆွဲခဲ့စမ်းပါဟယ်"

မှတ်ကြီးက ခေါင်းညိတ်ပြရင်း ဆိုက်ကားကို ဆက်နင်းသွားသည်၊ ထို့နောက် လမ်းထိပ်စတိုးဆိုင်တစ်ခုရှေ့တွင် ဆိုက်ကားကို ရပ်တာ ဆိုင်ထဲသို့ လှမ်းဝင်သွား၏၊ ဆိုင်ရှင်တရုတ်ကြီးက မှတ်ကြီးကို တွေ့တော့ မေးငေါ့ပြသည်၊ မှတ်ကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ အနောက်ဘက်ဘီရိုထဲက ဝရင်းဝိစကီအမည်းတစ်ပြား ထုတ်ကာပေးလိုက်၏၊ မှတ်ကြီးက ကျသင့်ငွေကို ရှင်းကာ ပြန်ထွက်လာခဲ့သည်၊

လမ်းရောက်တော့ ဂျမ်းဘုံမှာလိုက်တဲ့ မုန့်ဟင်းခါးဖတ်ကို သတိရကာ မုန့်ဟင်းခါးဖိုရှိရာသို့ နင်းသွားလိုက်၏၊ မုန့်ဟင်းခါးဖိုပိုင်ရှင် ဦးဆန်းက သူ့ရဲ့ ရွှဲနေတဲ့ ဗိုက်ကလေးကို ပွတ်ကာ မှတ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လေးမှေး၍ မှတ်ကြီးကို ကြည့်ပြီး...

"ဟာ...ငါ့လူ မောင်မှတ်၊ ကောင်ကလေး ဘာကိုတ်"

"မဂျမ်းဘုံက ငါးဆယ်သားတဲ့ဗျာ"

"ရမှာပေါ့ ကောင်ကလေးရဲ့၊ ဟဲ့ မောင်ကြည် ငါးဆယ်သား ချိန်ပေးလိုက်စမ်း"

ဦးဆန်းရဲ့ စကားအဆုံးမှာ မောင်ကြည်လို့ခေါ်တဲ့ တောက်တိုမယ်ရ ကောင်လေးတစ်ယောက် ပြေးလာပြီး မုန့်ဖတ် ငါးဆယ်သား ချိန်ပေးသည်။ မှတ်ကြီးက မောင်ကြည့်ဆီက မုန့်ဟင်း ခါးဖတ်ထုပ်ကိုယူ၍ ဦးဆန်းကို ကြည့်လိုက်ကာ...

"ပိုက်ဆံတော့ မပေးလိုက်ဘူး၊ ကျွန်တော့်ကို မှာပဲမှာလိုက်တာ"

ဦးဆန်းက လက်ကာပြပြီး...

"ယူသွား...ယူသွား၊ နောက်မှ ဂျမ်းဂျမ်းနဲ့ ငါနဲ့ရှင်းလိုက်မယ်"

ဟု မျက်လုံးရွဲကြီးများနဲ့ဆို၏။ ဦးဆန်း စိတ်ထဲတွင်လည်း လုံးကြီးပေါက်လှ ဂျမ်းဘုံလေးရဲ့ ကိုယ်လုံးကိုယ်ထည်လေး ပေါ်ကာလာသည်။



မှတ်ကြီးက မုန့်ဟင်းခါးဖတ်ထုပ်ကို တင်၍ ဂျမ်းဘုံဆိုင်သို့ အရင်သွားသည်။ မုန့်ဖတ်ထုပ်ကို ပေး၍ ကိုလေးငွေအိမ်သို့ ချီတက်လိုက်ပါတော့သည်။ ဒီအချိန် လေချဉ်တအေ့အေ့နှင့် စောင့်နေမည့် ကိုလေးငွေရုပ်ကို သူမြင်ယောင်လာ၏။ သူထင်တဲ့အတိုင်းပဲ ကိုလေးငွေက သူ့ကိုမျှော်ရင်း အိမ်ရှေ့လှေကားထစ်လေးမှာ ထိုင်စောင့်နေတာကို တွေ့လိုက်ရလေသည်။

သူက ဂရင်းအပြားလေး လှမ်းပေးလိုက်တော့...

"ကြာလိုက်တာ မှတ်ကြီးရာ၊ ငါ့မှာ ရည်းစားမျှော်သလို မျှော်နေရတယ်"

"လမ်းမှာ မဂျမ်းဘုံ ခိုင်းတာလေး လုပ်ပေးနေရလို့"

ကိုလေးငွေက မှတ်ကြီးကို ဆိုက်ကားခ ရှင်းပေးသည်။ မှတ်ကြီးက ပြန်မလို့လုပ်တော့...

"ချသွားဦးလေကွာ"

"တော်ပါပြီဗျာ၊ နောက်မှ"

ဟုဆို၍ ထွက်ခဲ့လိုက်လေတော့၏။ ကိုလေးငွေက ပြုံး၍..

"မင်းက တစ်ယောက်တည်းသမားပဲကွာ၊ ခပ်အေးအေးပေါ့"

"အေးလို့မရဘူးဗျို့၊ တစ်ယောက်တည်းလည်း ပါးစပ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ၊ အချိန်တန် ဗိုက်ဆာတာပဲဗျ"

ကိုလေးဝွေတစ်ယောက် တဟားဟားရယ်ရင်း ကျန်ခဲ့ပါတော့၏။





**က** မ္ဘာကြီးသည် ဖန်လုံအိမ်အာနိသင်ကြောင့် တစ်နေ့တခြား ပူနွေးလာသည်ဟု ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသည်။ ဖန်လုံအိမ်ကို သူမသိပေ။ သူသိတာ ရေနံဆီမီးအိမ်ပဲ သိသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ကမ္ဘာကြီး ပူနွေးလာတာတော့ အမှန်ပင်။ သူတို့လို ကာယကို အားကိုးပြီး လုပ်စားနေရတဲ့လူတွေအဖို့ သိသာသည်။ နဖူးကချွေး ခြေမအထိ ကျအောင် လုပ်စားနေရသည့်ကြားထဲ အဲဒီဖန်လုံအိမ်ကြောင့် ကမ္ဘာကြီး ပူနွေးလာသည်ဆိုတော့ နဖူးမှချွေး အငိုင်ငိုင်ကျအောင် လျှာထွက်မတတ် လုပ်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက ထိုကိစ္စကိုတွေးရင်းမှ ဒေါသတစ်ချက် ထွက်သွားတာ 'တောက်'တစ်ချက် ခေါက်လိုက်သည်။ မှတ်ကြီး တောက်ခေါက်သံကြောင့် သူ့ဘေးက ဆိုက်ကားပေါ်တွင် ငိုက်မြည်းနေသော ဖိုးထောင်က လှည့်ကြည့်ကာ. . .

"ဘာတွေ အလိုမကျဖြစ်နေတာလဲ မောင်မှတ်ရ၊ ဒီနေ့ ဆွဲမကောင်းဘူးလား"

"မဟုတ်ပါဘူး ကိုဖိုးထောင်ရာ၊ ဖန်လုံအိမ်ကို ဒေါသဖြစ်လို့ပါ"

ဖိုးထောင် ကြောင်တောင်တောင်ဖြစ်သွားသည်။ သူ့များ နားကြားလွဲသွားလားဆိုပြီး မှတ်ကြီးကို ပြန်မေး၏။

"ဘယ်. . . ဘယ်သူ့အိမ်"

"ဖန်လုံအိမ် ဖန်လုံအိမ်"

ဖိုးထောင်က ခေါင်းကိုကုတ်လိုက်ရင်း. . .

"ဖန်လုံအိမ် ဟုတ်လား၊ ဘယ်. . . ဘယ်နားကလဲ"

"ဟာ. . . ဘယ်နားရှိမှန်း ကျုပ်လည်း မသိလို့ပေါ့ဗျ၊ သိရင် သွားရိုက်ခွဲပစ်တာ ကြာပြီ"

"နေပါဦး. . . အဲဒီအိမ်က ဘယ်သူနဲ့ မင်းက ပြဿနာတက်နေလို့လဲ"





မှတ်ကြီးက ဖိုးထောင်ကို စိတ်မရှည်သလို လှည့်ကြည့်လိုက်ကာ. . . .

"ဘယ်သူနဲ့မှ ပြဿနာမတက်ဘူး၊ ကမ္ဘာကြီး ပူနွေးနေလို့၊ ကမ္ဘာကြီး ပူနွေးနေလို့၊ အဲဒီဖန်လုံအိမ်ကြောင့် ကမ္ဘာကြီး ပူနွေးနေတာ"

"ဟေ"

ဖိုးထောင် မျက်လုံးပြူးသွားသည်။ ထို့နောက် စိုးရိမ်သွားတဲ့ မျက်နှာနဲ့. . .

"အဲဒါဆို ဘယ်လိုလုပ်မလဲ၊ အဲဒီအိမ်ကို ငါတို့ရဲတိုင်မလား"

"တိုင်လို့ရမလားဗျ၊ ဘယ်မှာရှိမှန်းမှ မသိတာ"

"ဒါဆို မင်းက ဘယ်ကကြားလာတာလဲ"

"မနက်က ဂျာနယ်မှာ ဖတ်လိုက်ရတာ"

ထိုအချိန်တွင် ခရီးသည်တစ်ယောက် သူတို့ထိုးထားသည့် ဂိတ်ကို ရောက်လာ၍ စကားစ ပြတ်သွားကြသည်။ ယခုထွက်ရမည့် အလှည့်က ဖိုးထောင်အလှည့်ဖြစ်၍ ဈေးစကားပြောကြ၏။

ခဏကြာတော့ ဖိုးထောင်ဆိုက်ကား ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မှတ် သေသေချာချာ စုံစမ်းထားကွာ၊ အဲဒီကိစ္စ ငါလည်း စိတ်ဝင်စားတယ်"

သွားကာနီး ဖိုးထောင်က မှတ်ကြီးကို လှမ်းအော်သွားလိုက်ပါသေးသည်။

ထို့နောက် ခရီးသည် နောက်တစ်ယောက် ရောက်လာသည်။ မှတ်ကြီးက ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်တွင် ကျားထိုးနေသော အောင်ကြီးတို့၊ ကိုမှုတ်ဆိတ်တို့ကို လှမ်းကြည့်လိုက်၏။ နှစ်ယောက်စလုံးက ကျားကို သဲကြီးမဲကြီး ထိုးနေရင်းမှ ခေါင်းခါပြ၍ မှတ်ကြီးက ဆိုက်ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

ခရီးသည်မိန်းမကြီးက မှတ်ကြီးကိုကြည့်ကာ. . .

"နင်လိုက်မှာလား"

"ဟုတ်ကဲ့"

"ရွှေဝါလမ်းထိပ်ကို ဘယ်လောက်ပေးရမလဲဟဲ့"

"လူဘယ်နှစ်ယောက်လဲ"

"ငါတစ်ယောက်တည်း"

"ငါးရာပဲ ပေးပါအစ်မ"

မိန်းမကြီးက တစ်ချက်စဉ်းစားလိုက်ကာ 'ကောင်းပြီလေ သွားမယ်'ဟု ပြောရင်း ဆိုက်ကားပေါ် တက်ထိုင်လိုက်၏။ ဆိုက်ကားထွက်ကာနီးမှ မှတ်ကြီးကို ကြည့်ပြီး. . .





"ဟိုနားက ဆန်ဆိုင်မှာ ဆန်အိတ်တစ်အိတ်နဲ့ ကြက်သွန်အိတ်တစ်အိတ် ဝင်တင်ဦးမယ်နော်"

"ဗျာ"

"ဆန်အိတ်တစ်အိတ်နဲ့ ကြက်သွန်တစ်အိတ် ဝင်တင်ဦးမယ်လို့ပြောတာ"

"ဟင်. . . အစ်မပြောတော့ တစ်ယောက်တည်းဆို"

"ဟုတ်တယ်လေ ငါတစ်ယောက်တည်းပဲ၊ မင်းက ဘယ်နှစ်ယောက်မြင်လို့လဲ"

"ဒါဆိုလည်း စောစောကပြောပါလား အစ်မရယ်၊ ကျွန်တော် လူဘယ်နှစ်ယောက်လဲ မေးတုန်းကတော့ ဘာမှမပြောဘဲနဲ့"

"ဟဲ့. . . နင်က လူဘယ်နှစ်ယောက်လဲလို့ မေးတာလေ၊ လူဆိုလို့ ငါတစ်ယောက်ပဲ စီးမယ့်ဟာကို ဆန်အိတ်တွေ၊ ကြက်သွန်အိတ်တွေက လူမှမဟုတ်တာ"

မှတ်ကြီးက ခေါင်းကို ကုတ်လိုက်သည်။ ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်ရာတော့ပေးဗျာ"

"မရဘူး၊ နင် ခုနပြောတော့ ငါးရာဆို၊ အခုမှ ဘာဗလောင်းဗလဲလုပ်တာလဲ"

မှတ်ကြီး သက်ပြင်းကို ချလိုက်သည်၊ 'ခံလိုက်ဦးဟ'ဆိုပြီး စိတ်ထဲက ရေရွတ်လိုက်ကာ ဆိုက်ကားပေါ် တက်ခွလိုက်ပါတော့သည်။

ဒီမိန်းမကြီး ခန္ဓာကိုယ်တင် တော်တော်လေးနေ၏၊ ဆန်အိတ်နဲ့ ကြက်သွန်အိတ်ပါ ပေါင်းလိုက်လျှင် သူမတွေးရဲတော့။

◆ ◆ ◆



**ဂုံး** တက်တွေမှာ နံရိုးကိုင်း ကန်ထွက်အောင် နင်းရသည်၊ ဂုံးဆင်းတွေမှာ ဘရိတ်ကို ခြေကန်ပေး၍ အရှိန်သတ်အောင် မနည်းဆွဲရ၏၊ အရေးထဲ မိန်းမကြီးက စကားများသေး၏။

"တို့က ဆန်ဆို အိတ်လိုက်၊ ဆီဆို ပုံးလိုက်မှ၊ တစ်ပြည်နှစ်ပြည်ဝယ်မစားဘူးကွဲ၊ အလုပ်ရှုပ်လို့"

"အစ် . . . အစ် . . ."

ဂုံးအတက်ကို တော်တော်လေး နင်းယူရသည်၊ ဝုံးထိပ်ရောက်တော့ ခဏအမောဖြေရင်း အရှိန်လေးအတိုင်း မှော့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ဂုံးအဆင်းမှာ ဘရိတ်ကို အံကြိတ်ကာ ဆွဲရပေဦးမည်။

"တို့အမျိုးသားက စင်ကာပူမှာ နေတာလေ၊ အဲဒါ ပြန်ရောက်တော့မယ်ဆိုတော့ လိုအပ်တာလေးတွေ သွားဝယ်ထားရတာ"

ဂုံးဆင်းမှာ ဆိုက်ကားက အရှိန်နဲ့ပြေးသည်။ မှတ်ကြီး အပေါ်အံသွား၊ အောက်အံသွားကို ကျိုးမတတ် ကြိတ်ကာ ဘရိတ်ကို ဆွဲရ၏။ သို့သော် ဆိုက်ကားပေါ်တင်လာသော ဝိတ်က များနေ၍ အရှိန်က လိုသလို ထိန်းမရ။

"ဟဲ့. . . ဟဲ့ နင့်ဆိုက်ကားက မြန်လှချည်လား၊ ဖြည်းဖြည်း ဖြည်းဖြည်း"

"မရဘူး အစ်မရေ၊ အစ်မတင်လာတဲ့ ဝိတ်လည်း ကြည့်ဦးလေ၊ နေကလည်းပူဆိုတော့ ဆိုက်ကား ဘရိတ်တုံးတွေက မာပြီး ဒီလောက်ပဲ ဖမ်းလို့ရမယ်"

မိန်းမကြီး မျက်လုံးပြူးကာသွားပြီး. . .

"ဒါ. . . ဒါဆို အခုချိန် ကားတစ်စီး အရှိန်နဲ့ဝင်လာရင် ဘယ်ဂိုလုပ်မလဲ"

"အဲဒါဆိုလည်း သတ္တဝါတစ်ခု ကံတစ်ခုပေါ့ အစ်မရယ်"

ဝို ၊ မို ၊ ခ ၁ ၀ ေ ပ



"ဘာ"

မိန်းမကြီး အလန့်တကြား ထအော်သည်။ မှတ်ကြီးခမျာ မိန်းမကြီးအော်သံကို ဂရုမစိုက်နိုင်အား။ ဆိုက်ကားအောက်ဘက် တန်းပေါ်မှာ လိုအပ်ရင်သုံးဖို့ ထားထားသည့် ခြေနင်းဘရိတ်ကိုပါ သုံးရင်း အရှိန်မနည်း သတ်နေရ၏။

ထို့နောက် မကြာခင်မှာ ဂုံးအဆင်းပြီးသွားတော့ မှတ်ကြီး သက်ပြင်းကို ချလိုက်သည်။ သူ့သက်ပြင်းချသံနဲ့အတူ မိန်းမကြီးရဲ့ သက်ပြင်းချသံလည်း တစ်ပြိုင်နက် ပေါ်ကာလာ၏။

သူ ရွှေဝါလမ်းအတိုင်း ကွေ့လိုက်သည်။ ထို့နောက် မိန်းမကြီးပြောတဲ့ အိမ်ရှေ့ဘက် ဆိုက်ကား ရပ်ပြီးနောက်. . .

"အမလေး. . . နင့်ဆိုက်ကားစီးရတာလည်း အန္တရာယ်များလိုက်တာ၊ မဖြစ်ပါဘူး၊ ဒီတစ်ခါ ကိုကိုပြန်လာရင် ကားဝယ်ခိုင်းမှ ဖြစ်မယ်"

မှတ်ကြီးက ဘာမှမပြော အမောကိုသာ ဖြေနေလိုက်သည်။

မိန်းမကြီးက ဆိုက်ကားပေါ်မှ ဆင်းပြီးနောက် မှတ်ကြီးကို ကြည့်ကာ. . .

"ဒီအိတ်လေးနှစ်အိတ် အိမ်ထဲကိုပို့ပေးဦး"

ဝို ၊ မို ၊ [illegible] ေ ပ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက ပါးစပ်လေး ဟစီဟစီလုပ်ပြီး လေကိုရှူနေရင်းမှ တော်တော်စိတ်ပျက်ကာသွားသည်။ သို့သော် ဆိုက်ကားသမားဆိုတာ တော့ ဒီလိုပဲ လူပေါင်းစုံနှင့် ပြေလည်အောင် ဆက်ဆံနေရ၍ မောဟိုက်နေသည့်ကြားမှ ကြက်သွန်အိတ်နှင့် ဆန်အိတ်ကို အထဲ ထမ်းပို့လိုက်ရသည်။

ထို့နောက် မိန်းမကြီးဆီမှ ပိုက်ဆံငါးရာယူကာ ပြန်ခဲ့လိုက် ပါတော့သည်။ ဒီလိုခရီးသည်မျိုး ဒီနေ့ ထပ်မတွေ့ပါစေနဲ့ဟု ရင်ထဲမှာ ဆုတောင်းလိုက်ပါတော့၏။

◆ ◆ ◆



''ငါတို့ ဆိုက်ကားသမားတွေဘဝက ဒီလိုပဲကွ၊ လူတိုင်းနဲ့ အဆင်ပြေအောင် ပေါင်းပြီး လုပ်စားနေရတာ၊ လူတွေကလည်း ရွှေဝယ်ရင်သာ တစ်သိန်း နှစ်သိန်း ဈေးမဆစ်ကြတာ၊ ဆိုက်ကားခ ကျတော့ ငါးဆယ်တစ်ရာကို တွက်ကပ်ပြီး မပေးချင်ကြဘူး''

သူတို့ထဲတွင် ဆိုက်ကားနင်းသက် အရင့်ဆုံး အဘကျော်က ပြောသည်။ မှတ်ကြီးက ခေါင်းညိတ်ကာ ထောက်ခံလိုက်၏။

သူတို့ ဆိုက်ကားသိမ်းချိန် ဒေါ်ညိုဆိုင်တွင် ဝိုင်းဖွဲ့မိကြခြင်း ဖြစ်၏။ မှတ်ကြီး၊ အဘကျော်၊ ဖိုးထောင်၊ အောင်ကြီးနှင့် ကို[illegible]ဆိတ်

www.burmeseclassic.com



တို့ပါသည်။ သူတို့ တစ်နေ့တာ ကြုံခဲ့ရသမျှတွေကို အဖြူလေးသောက်ရင်း အတွေ့အကြုံ ဖလှယ်ကြသည်။ မှတ်ကြီးက သူ နေ့ခင်းက ကြုံခဲ့ရသမျှကို တင်ပြတော့ အဘကျော်က ထိုကဲ့သို့ မှတ်ချက်ပြုသည်။

အောင်ကြီးက ပဲကြီးကြော်နှစ်စေ့ကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီးနောက်. . .

"ငါလည်း ဟိုတစ်နေ့က ဘာထူးလဲ၊ လူတစ်ယောက်ဆိုက်ကားငှားစီးပြီး ခုနစ်ရာတန်ခရီးကို ငါးထောင်တန် ထုတ်ပေးလို့ အကြွေလိုက်လဲနေရတာနဲ့ တော်တော်ဒုက္ခရောက်သွားသေးတယ်"

"မင်းက အကြွေပေးလို့ ပြောပေါ့ကွ"

ဖိုးထောင်က တစ်ခွက်ချရင်း ဝင်ပြောလိုက်သည်။ အောင်ကြီးက မျက်နှာတစ်ချက်မဲ့သွားပြီး. . .

"မပြောဘဲနေပါ့မလား. . . ပြောတာပေါ့"

"အဲဒီတော့ ဘာပြောလဲ"

"အကြွေမကိုင်ဘူးတဲ့"

အားလုံး ရယ်လိုက်ကြသည်။ အရယ်ဆုံးတော့ အဘကျော်က. . .

"မင်းတို့လည်း တစ်ခါတလေ ရှစ်ရာတန်ခရီးကို အကြွေပြန်





အမ်းဖို့ တစ်ရာပဲရှိတယ်ဆိုပြီး ကိုးရာယူလိုက်တာလည်း ထည့်ပြောဦးလေကွာ"

"ဟဲ. . . ဟဲ ဒါကတော့ တစ်ခါတလေပေါ့ဗျာ"

ဟု အောင်ကြီးက ပြုံးစစနဲ့ဆိုလိုက်သည်။ ထို့နောက် နောက်တစ်လုံး ထပ်မှာသည်။ ကိုမုတ်ဆိတ်က ငါမရတော့ဘူးဆိုပြီး ထပြန်ဖို့လုပ်သည်။ ဖိုးထောင်က မုတ်ဆိတ်ကို လှမ်းကြည့်၍. . .

"ခင်ဗျားက ဘယ်လိုဖြစ်တာလဲဗျ"

"ဘယ်လိုမှမဖြစ်ဘူး ဟောကောင်၊ မိန်းမက နေ့စေ့လစေ့ကြီး မတော် ညအချိန်မတော်ကြီး မိုက်နာရင် ငါက ထမွေးရဦးမှာ"

"ဒါဆိုလည်း ဆေးရုံတင်ထားလိုက်ပေါ့ဗျာ"

"မင်း ငါ့ကို သူဌေးများမှတ်နေလား၊ အကြီးကောင်က ဒီနှစ်ကျောင်းအပ်ရတော့မယ်ကွ၊ ငါတို့ဘဝတွေက ခြေထောက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝတွေဆိုတာလည်း သိရဲ့သားနဲ့"

"ကဲပါဗျာ ခင်ဗျား ဒဿနတွေ တော်ပါတော့၊ ပြန်ချင်လည်း ပြန်. . . ပြန်တော့"

ကိုမုတ်ဆိတ် ရယ်ကာထွက်သွားသည်။ မှာထားတဲ့ တစ်လုံး ရောက်လာ၍ သူတို့ ဆက်ချကြ၏။ တစ်နေ့တစ်နေ့ မရိုးနိုင်သောတ



www.burmeseclassic.com

www.burmeseclassic.com



အောင် တွေကြုံနေရသော လူတွေအကြောင်းကို ပြောရင်း သူတို့ တစ်လုံးပြီးတစ်လုံး ထပ်မှာကြသည်။

ထို့နောက် ညဉ့်တော်တော်နက်တော့မှ ဆိုင်ကထဖြစ်သည်။ မှတ်ကြီးအဖို့(သူ့ရဲ့ လစ်မစ်အရ) ဒီနေ့ တော်တော်များသွားသည်ဟု ဆိုရမည်။ ဒီနေ့ ဆိုက်ကားဆွဲမကောင်းသည့်အပြင် ညနေက ဆန်အိတ်နဲ့ ကြက်သွန်အိတ်ပါ ထမ်းပို့လိုက်ရသောကြောင့် ခပ်ညစ်ညစ်နှင့် ဆော်ထည့်လိုက်တာ လက်လွန်သွားသည်။

ထို့ကြောင့် ဆိုက်ကားရှိရာသို့ ဒယိမ်းဒယိုင်နှင့် လျှောက်လာခဲ့ရပါတော့၏။

"ဟေ့ကောင်. . . မောင်မှတ် ဖြစ်ရဲ့လား"

ဖိုးထောင်က အာလေးသံကြီးနှင့် လှမ်းမေးတော့ မှတ်ကြီးက. . . .

"ဆိုက်ကားသွားရင် လမ်းဖြစ်ပါတယ်ဗျာ၊ အေးဆေးပါ"

"ဒါဆိုလည်း ပြီးရော"

ဖိုးထောင် ထွက်သွားသည်။ အဘကျော်လည်း လေလေးတချွန်ချွန်နဲ့ သူ့ဆိုက်ကားကို နင်းရင်း ထွက်သွား၏။ မှတ်ကြီး တစ်ယောက်သာ တက်နေကျ သူ့ဆိုက်ကားပေါ်သို့ ဆယ်မိနစ်



လောက် တက်ယူလိုက်ရကာ ဖြည်းဖြည်းချင်း နင်း၍ ထွက်လာခဲ့ရပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



''ကျို နှစ်ယောက် အတူဖူးခဲ့တဲ့ ကျိုက်ထီးရိုးဘုရား ဆံတော် ရှင် အော့. . . အဲ. . . ရင်ပြင်တော်သို့ ရောက်အောင်ပြန်ခဲ့မယ်. . . အူး. . . မိုးရိပ်မြင်တိုင်းလွမ်းတယ် ခါဦးမိုးဆီ ပြန်လာပါ. . . မိုးလောက် မင်းက သစ္စာမရှိဘူးကွယ်. . . ကွယ်. . . ကွယ်"

မှတ်ကြီး မူးနေပြီ။ ဆိုက်ကားကို တစ်ပတ်ချင်း လိမ့်အောင် နင်းရင်း ပါးစပ်ထဲရှိတဲ့ သီချင်းတွေ အော်ဟစ်လာ၏။ တစ်ခါတစ်ရံ ဒီလိုပဲ မူးမူးရူးရူးနှင့် လွတ်လပ်စွာ ပေါက်ကွဲပြလိုက်ခြင်းဖြင့် စိတ်၏ ကျဉ်းကြပ်မှုများကို ဖြေဖျောက်ရသည်။



ပြီးတော့ နောက်တစ်ပုဒ်။

"အကြီးတစ်လုံး. . . အသေးတစ်လုံး. . . ကမ္ဘာကြီးမူး အောင် သောက်လိုက်မယ်. . . မူးမယ်. . . အော့. . . မူးမယ်. . . ဟိုနားနင်းတဲ့ ဒီနားနင်းတဲ့. . . ဒီ ဆိုက်ကားကိုရအောင် နင်းမယ် . . . ဟိုနားသွားမယ့် ဒီနားသွားမယ့် ကိုယ်သာရအောင်သွားမယ်. . အော့. . . ရှိ. . . ရှိ"

"ဟိုးထား အစ်ကို. . . ဟိုးထား. . . ဟိုးထား"

ရုတ်တရက် ပေါ်လာသည့် အသံနှင့်အတူ ဆိုက်ကားက တွံ့ခနဲ ရပ်သွားသည်။ မှတ်ကြီးက မူးမူးနဲ့ ဆက်နင်းတော့ နောက် ကလူက ဆိုက်ကားကို ခြေကန်ပေးဆွဲထား၍ ခြေထောက်ချော်ကာ ထွက်သွား၏။ မှတ်ကြီး စိတ်တိုတိုနဲ့ လှည့်ကြည့်လိုက်ပြီး. . .

"ခင်ဗျား ဘာလုပ်တာလဲဗျ၊ ကျုပ်ဆိုက်ကားကို ဘာလို့ဆွဲ ထားတာလဲ"

"လုပ်ပါဗျာ၊ အစ်ကို့ဆိုက်ကားနဲ့ ကျွန်တော်တို့ကို ခေါ်သွား ပေးပါ"

"ဟာ. . . ကျုပ်ဆိုက်ကား သိမ်းနေပြီဗျ"

"လုပ်ပါ အစ်ကိုရယ်၊ သိမ်းနေပြီဆိုလည်း ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကိုတော့ ခေါ်သွားပေးပါဗျာ၊ တောင်းပန်ပါတယ်"

ထိုလူ၏စကားကြောင့် မှတ်ကြီးက အခုမှ အကဲခတ်ကြည့်မိသည်။ ထိုလူ့အပြင် နောက်ထပ် ကောင်မလေးတစ်ယောက်ပါပါသေး၏။ မှတ်ကြီး ဘာမှပြန်မပြောနိုင်ခင်မှာပင် ထိုလူက ဆိုက်ကားရှေ့သို့ ဝင်ထိုင်၍ သူနှင့်ပါလာတဲ့ ကောင်မလေးအား အနောက်ဘက်သို့ တက်စေ၏။ ပြီးနောက်. . .

"နင်း. . . အစ်ကို၊ နင်း. . . မြန်မြန်လေးမောင်း"

"ဟ. . . ငါက ဘယ်ကိုနင်းရမှာလဲ"

"နင်းချင်တဲ့ဆီသာ နင်းဗျာ၊ ဒီနေရာက ကျွန်တော်တို့လွတ်ရင် ပြီးရော"

"နေပါဦး. . . မင်းတို့က ရိုးရောရိုးရဲ့လား၊ ဒီအချိန်ကြီး အထုပ်တွေနဲ့"

မှတ်ကြီးက ညအချိန်မတော်ကြီးဖြစ်၍ သံသယမျက်လုံးနှင့် ကြည့်ကာမေး၏။

ထိုလူက မှတ်ကြီးအကြည့်ကို သဘောပေါက်လိုက်၍. . .

"ရိုးပါတယ် အစ်ကိုရယ်၊ ကျွန်တော်တို့က ရိုးရိုးသားသားတွေပါ၊ ဒီည သူ့ကို ကျွန်တော်ခိုးလာတာ၊ အဲဒါ သူ့အိမ်က အစ်ကိုတွေ



လိုက်လာလို့ ထွက်ပြေးလာရတာပါ"

မှတ်ကြီးက ဘာမှဆက်မမေးတော့ဘဲ ဆိုက်ကားကို ခပ်သွက်သွက်ကလေးနင်းကာ ထွက်လိုက်၏။ ဒါမျိုးဆို သူ့မှာ ကူညီချင်တဲ့စိတ် အပြည့်ရှိသည်။ အဲဒီလူပုံစံ ကြည့်ရတာလည်း ရိုးရိုးသားသားနဲ့ ရုပ်ကလေး သနားကမားမို့ ယုံကြည်လိုက်၏။ ကောင်မလေးပုံတိုတော့ ညအမှောင်မှာ သိပ်မသဲကွဲလှ။

ဒီလိုနဲ့ မှတ်ကြီးက သူတို့ရပ်ကွက်ထဲကို နင်းချလာသည်။ သူ့အိမ်ရှေ့ရောက်တော့ ဆိုက်ကားကို ရပ်လိုက်ကာ. . .

"ကဲ. . . ကိုယ့်ညီတို့၊ ဒီကနေ ခရီးဆက်ပေတော့၊ ကိုယ်တော့ ဒီ့ထက်ပို့ပြီး လိုက်မပို့နိုင်တော့ဘူး၊ ကိုယ့်ပုံစံကြည့်ရင် မင်းတို့သိပါတယ်၊ ကိုယ် တော်တော်ကောင်းနေပြီ၊ ဆက်လည်း မနင်းနိုင်တော့ဘူး၊ ဟုတ်ပြီလား"

ထိုစုံတွဲနှစ်ယောက်က အထုပ်ကလေးပိုက်ပြီး ဆိုက်ကားပေါ်က ဆင်းသည်။ ကောင်မလေးက မျက်နှာငယ်လေးနှင့် ကောင်လေးရဲ့လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ပတ်ဝန်းကျင်တိုကျိုးကန်းတောင်မြှောက် ကြည့်၏။

မှတ်ကြီးက ဆိုက်ကားကို သူ့အိမ်ရှေ့လှေကားခြေရင်းသို့

www.burmeseclassic.com

www.burmeseclassic.com



တွန်းသွားလိုက်ကာ သော့ခတ်ပြီး အိမ်ပေါ်သို့ ဒယိမ်းဒယိုင်နှင့် တက်သွားလိုက်ပါတော့၏။

ထိုစုံတွဲတစ်တွဲသာ တောင်ကြည့်လိုက် မြောက်ကြည့်လိုက်နှင့် အိမ်ရှေ့တွင် ယောင်လည်လည်နှင့် ကျန်ခဲ့ရပါတော့သည်။

◆ ◆ ◆



“တောက် . . . တောက် . . . တောက် . . . တောက်”

“အောက် အီး အီး အွတ်”

အုန်းမောင်းခေါက်သံ ကြက်တွန်သံများနဲ့အတူ နေ့တစ်နေ့၏ နံနက်ခင်းသည် အစပြုလိုက်သည်။ ထိုအသံတွေ အစပြုပြီး ခဏအကြာ မှတ်ကြိုးမျက်လုံးသည် ဖျတ်ခနဲ ပွင့်ကာသွားသည်။ ခေါင်းတစ်ခုလုံး အုံခဲနေကာ ရင်ဘတ်တစ်ခုလုံး ပူလောင်ပြင်းပြတာနေ၏။ ထို့ကြောင့် အိပ်ရာမှ လူးလဲထလိုက်ကာ မီးဖိုချောင်ခန်းထဲရှိ ရေအိုးရှိရာသို့ သွားလိုက်သည်။ ဒီလမ်းနဲ့ ဒီခရီးကို သွားလာနေတာ

www.burmeseclassic.com



ဖြစ်သောကြောင့် မနက်ခင်းအရုဏ်တက် နေခြည်နုအလင်းရောင်အောက်မှာတင် သူက ကျင်လည်စွာ လှုပ်ရှားနိုင်သည်။

ရေသောက်ပြီးနောက် အိပ်ခန်းထဲသို့ ပြန်ဝင်ပြီး နှပ်မလို့လုပ်စဉ် သူ့စိတ်ထဲ၌ တစ်စုံတစ်ခု ထူးခြားနေသည်ကို သတိသွားပြုမိသည်။ သူ့အိမ်၏ ထရံပေါက်ကြားမှာ မဝံ့မရဲ ထိုးကျနေသောအလင်းရောင် မှုန်ပြပြအောက်တွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေတာကို တွေ့ရ၏။ မှတ်ကြီးက သူ့အမြင်များ မှားတာလားဆိုပြီးမျက်လုံးကို တစ်ချက်ပွတ်ကာ ကြည့်လိုက်တော့ ခုနမြင်ရတဲ့မြင်ကွင်းက မပြောင်းမသွား။

လူမှ လူစစ်စစ်၊ နံရံလေးတစ်ခုကိုမှီကာ ထိုင်နေသည်။ ထိုလူသည် သူ့ကိုမြင်ပုံမရ၊ ထိုင်လျက်နှင့် ငုတ်တုတ်ကြီး အိပ်ပျော်နေပုံရ၏။ သူခိုးတစ်ယောက် သူ့အိမ်ဝင်ခိုးရင်း အိပ်ပျော်သွားသလားဟုမှတ်ကြီး တွေးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် အိမ်ထဲမှာ လူစိမ်းရောက်နေတယ်ဆိုတော့ အန္တရာယ်ရှိပြီ။

မှတ်ကြီး အိပ်ချင်စိတ်တွေ ပြယ်သွားကာ အိမ်နောက်ဖေးသို့အသာအယာခြေဖွကာ နင်းသွားပြီး နှစ်တစ်လက်မတုတ်တစ်ချောင်းကို ယူလာခဲ့သည်။ ထို့နောက် ငုတ်တုတ်ကြီး အိပ်ပျော်နေသော သူခိုး



နားသို့ ချဉ်းကပ်သွားကာ. . .

"ခွပ်"

အသံခပ်အုပ်အုပ် တစ်ချက်ထွက်သွားသည်၊ ငုတ်တုတ်ထိုင်နေသောလူ အော်ပင်မအော်နိုင်ဘဲ ခွေလဲကာကျသွား၏။ ထိုအချိန်တွင် ရုတ်တရက် မိန်းကလေးတစ်ယောက် အသံထွက်လာလေတော့သည်။

"အမလေး လုပ်ပါဦး၊ ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

မှတ်ကြီးခမျာ တုတ်ကြီးကိုင်ကာ ကြောင်ရပ်နေဆဲ၊

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



၆ သွားစွန်းနေသော ပတ်တီးလေးနှင့် သူ့ကိုကြည့်နေသော လူကို မှတ်ကြီး ကြောင်ကာ ငေးကြည့်နေသည်။ ထိုလူက သူ့ကို အသနားခံသည့် အကြည့်လေးနှင့် ကြည့်နေသလို မှတ်ကြီးကလည်း ထိုလူကို ကိုယ်ချင်းစာသည့် မျက်လုံးများနှင့် ပြန်လည်ကြည့်နေမိသည်။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ် အစ်ကိုက လက်သံတော်တော်ပြောင်တာပဲဗျာ၊ တော်သေးတာပေါ့၊ ဒဏ်ရာက သိပ်မများလို့"



ကောင်မလေးက ပတ်တီးလေးကို လက်နဲ့ အသာအယာ ပွတ်ပေးနေသည်။ မှတ်ကြီးက. . .

"မင်းတို့က ဘာလို့ ငါ့အိမ်ထဲ ဝင်ဖိပ်နေရတာလဲ"

"ကျွန်တော်တို့မှာ သွားစရာမရှိလို့ပါ အစ်ကိုရယ်"

မှတ်ကြီးက သက်ပြင်းကို ချသည်။ ထို့နောက် တစ်ခု သတိရသွားဟန်နှင့်. . .

"နေစမ်းပါဦး. . . ငါ့အိမ်ထဲကို ဘယ်ကဝင်လာတာလဲ"

"ဒီကပဲ ဝင်လာတာလေ"

ကောင်လေးက အိမ်အဝင်တံခါးကြီးကို ထိုးကာပြ၏။

"ဘယ်လို. . . ဒီက. . . ဟုတ်လား"

"ဟုတ်တယ်"

"ငါ ညက တံခါးပိတ်ထားတဲ့ဟာကို"

"ဘယ်ကလာ ပိတ်ရမှာလဲ အစ်ကိုရယ်၊ အစ်ကို မူးပြီး တံခါးပိတ်ဖို့ မေ့သွားတယ်ထင်တယ်"

မှတ်ကြီး ခေါင်းကို ကုတ်လိုက်သည်။ ညက အဖြစ်အပျက်များကို ပြန်တွေးကြည့်တော့ ခပ်ရေးရေး။ သူ တံခါးပိတ်ဖို့ မေ့သွားတယ်ဆိုတာ ဖြစ်နိုင်သည်။ သူမိုးမဟုတ်တာဘဲ တော်သေးသည်ဟု

www.burmeseclassic.com



ဆိုရမလိုတောင် ဖြစ်နေပြီ။

"ဒါနဲ့ မင်းတို့က ဘာလို့ သွားစရာမရှိတော့တာလဲ၊ ပြောပြစမ်းပါဦး၊ မင်းတို့နှစ်ယောက် ခိုးပြေးလာကြတာဆို၊ အရင်တုန်းက ဘယ်သွားဖို့ စီစဉ်ခဲ့လို့လဲ"

ကောင်လေးက ကောင်မလေးကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်ကာ မုတ်ကြီးဘက်လှည့်၍. . .

"ပထမတော့ ကျွန်တော်တို့ မန္တလေးဘက်ကို ပြေးဖို့ပါ၊ ဒါပေမယ့် အိမ်တွေက သိသွားတော့ ထပ်ကြပ်မကွာ လိုက်လာတာနဲ့ ခြေဦးတည့်ရာပြေးရင်း အစ်ကိုတို့ဘက် ရောက်လာတာပါဗျာ"

"ဒါနဲ့ ညက ဘာလို့မပြန်လဲ"

"ပြန်မလို့ပဲ၊ သူ့ဘက်က အစ်ကိုတွေနဲ့ သူတို့လူတွေက ဒီရပ်ကွက်ထဲဝင်ပြီး လိုက်ရှာနေကြတာ တွေ့တာနဲ့ ကျွန်တော်တို့လည်း ကြုံမိကြုံရာ ကြုံရင်း. . ."

"ငါ့အိမ်ထဲ ရောက်လာတယ်ဆိုပါတော့"

မုတ်ကြီးက စကားကို ဖြတ်ကာပြောလိုက်သည်။ ကောင်လေးက ပြုံးစိစိလုပ်ပြီး. . .

"ဟုတ်ပါတယ် အစ်ကို"



"အေးလေ. . . ဘယ်တတ်နိုင်မှာလဲ၊ ရောက်မယ့်အတူတူတော့ မင်းတို့ ဒီမှာ ခဏနားကြဦးပေါ့၊ ညနေလောက်ကျတော့ အခြေအနေကြည့်ပြီး ပြန်ပေါ့"

"ဟာ. . . အစ်ကိုရယ် ကျေးဇူးတင်လိုက်တာဗျာ"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ညီမလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ၊ ငါကလည်း မင်းကို ရိုက်လိုက်မိတဲ့အတွက် လျော်ကြေးပေးတယ်ပဲ သဘောထားပါတော့"

ကောင်လေးနဲ့ ကောင်မလေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်သည်။ ထို့နောက် ကောင်လေးက သူ့အိတ်ကပ်ထဲက ထောင်တန်သုံးရွက်လောက်ကို ထုတ်လိုက်ကာ. . .

"ဘယ်လိုမှ မထင်ပါနဲ့နော် အစ်ကို၊ အစ်ကို အပြင်သွားလို့ရှိရင် ကျွန်တော်တို့အတွက် စားစရာလေးတစ်ခုခု ဝယ်လာခဲ့ပေးပါလားဗျာ၊ ပြီးတော့ အစ်ကိုလည်း စားပေါ့"

မုတ်ကြီးက ပိုက်ဆံကိုတစ်လှည့်၊ ကောင်လေးမျက်နှာကို တစ်လှည့် ကြည့်လိုက်ရင်း ပြုံးလိုက်ကာ. . .

"ငါ့ကိုဝယ်ခိုင်းရင်တော့ ဆိုက်ကားခ ပေးရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



—

"ရပါတယ်ဗျာ"

ထို့နောက် သူတို့ ရယ်လိုက်ကြ၏၊ ခဏနေတော့ မှတ်ကြီး ထွက်သွားလေတော့သည်၊

◆ ◆ ◆

စိုး မို ၊ စာ ၁ ခ ပ



**ဒါ** လူးပူရီတစ်ပွဲ၊ ဆိတ်စွပ်နံပြားတစ်ပွဲဝယ်ပြီး ပြန်လာသော မှတ်ကြီးကို မဂျမ်းဘုံတ လှမ်းနှုတ်ဆက်သည်၊

"ဟဲ့ မှတ်ကြီး ဘာတွေတုန်းဟဲ့"

"စားစရာတွေပေါ့ဗျာ"

"များလှချည်လားဟဲ့၊ ဘယ်သူ့အတွက်တုန်း"

"ခင်ဗျားတလည်း စပ်စုလိုက်တာဗျာ၊ ဘယ်သူ့အတွက် ဖြစ်ဖြစ်ပေါ့"

မဂျမ်းဘုံတ မျက်စောင်းကြီး တစ်ချက်ခဲ၍ ပါးစပ်က ဖွစီ

www.burmeseclassic.com

www.burmeseclassic.com



ပွစိနှင့်. . .

"အမလေး. . . ဒါလေးပြောရမှာကို ဖြစ်နေလိုက်တာ၊ ဟဲ့ ပြီးရင် ငါ့ဆိုင်လာခဲ့ဦး"

"အင်း. . . အင်း"

မှတ်ကြီးက ဆိုက်ကားကို ဆက်နင်းကာသွား၏။ တစ်နေရာ အရောက်တွင် လမ်းချိုးတစ်ခုထဲမှ ထွက်လာသော ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရ၍ မှတ်ကြီးက ဆိုက်ကားကို ဒက်စတော့ ဖမ်းကာ ချလိုက်သည်။

ရုတ်တရက် ဘေးနားကို ဆိုက်ကားရောက်လာ၍ ကောင်မလေးက လန့်ကာသွား၏။

"ဟဲ့ ပလုတ်တုတ်"

ကောင်မလေး ရုတ်တရက် ထအော်၍ မော့ကြည့်လိုက်တော့

"ဩော်. . . ဘယ်သူများလဲလို့"

"အေးလေး ဘယ်သွားမလို့လဲ"

"ဘာအေးလေးလဲ၊ အဲဒီနာမည်ကို မခေါ်နဲ့ဆို"

"ဘာဖြစ်လို့လဲ အေးလေးရယ်၊ ကိုကိုမှတ် ခေါ်တာပဲဟာ"

"သွား. . . မခေါ်နဲ့၊ ဘေးလူတွေကြားရင် တစ်မျိုးထင်မယ်"





အေးမိက ကပိုကရိုနဲ့ မူပိုနေသည်၊ မှတ်ကြီးက အေးမိကို ကြည့်ကာ အသည်းတွေယားပြီး ပါးစပ်ကြီး ဟစိဟစိ ဖြစ်နေ၏။

ထိုအချိန် အေးမိက မှတ်ကြီးလက်ထဲက အထုပ်တွေကိုတွေ့သွား၍. . .

"ဟယ်. . . ကိုမှတ်ကြီး ဘာတွေလဲ"

"ဆိတ်စွပ်နဲ့ ပူရီ"

"ဘယ်သူမှာလိုက်တာလဲဟင်၊ အနံ့လေးတွေကို မွှေးနေတာပဲ"

မှတ်ကြီးက အေးမိကို ပြုံးပြုံးကြီး ကြည့်လိုက်၍. . .

"အေးလေးက စားချင်လို့လား"

အေးမိက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ ပြုံးစိစိလေး လုပ်ကာနေ၏။

မှတ်ကြီး၏ လက်သည် အလိုလို အေးမိရှေ့သို့ ရောက်ကာသွားသည်။

"ရော့. . . ကြိုက်တဲ့တစ်ထုပ် ယူလိုက်"

"အို. . . ကိုမှတ်ကြီးကလည်း အားနာစရာ၊ သူများအတွက် ဝယ်လာတာမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အေးလေးရဲ့၊ ကိုကိုမှတ် အစားပြန်ဝယ်ပေးလိုက်မှာပေါ့"

"ဒါဆို အေးမိ ပိုက်ဆံပေးလိုက်မယ်လေ"

"နိုး. . . နိုး အေးလေးအတွက် ကိုကိုမှတ် အဲဒီလောက်တော့ တတ်နိုင်ပါတယ်"

အေးမိက ဆိတ်စွပ်နဲ့ နံပြား ထုပ်ထားတဲ့ အထုပ်တစ်ထုပ် ယူကာသွားသည်။ မှတ်ကြီး ပြုံးဖြီးဖြီးကြီး ကျန်ခဲ့၏။ အေးမိက လက်ကလေးပြကာ နှုတ်ဆက်သွားလေတော့သည်။

မှတ်ကြီး ဆိုက်ကားနင်း၍ လက်ဖက်ရည်ဆိုင်သို့ ပြန်သွားမလို့လုပ်သည်။ နောက်တော့ စိတ်ပြောင်းသွား၍ သူ့အိမ်သို့သာ တန်းနင်းသွား၏။

အိမ်ရောက်တော့ ငုတ်တုတ်ကလေးထိုင်ကာ မျှော်နေသော ကောင်လေးနဲ့ ကောင်မလေးကို တွေ့လိုက်ရသည်။ မှတ်ကြီးက အာလူးပူရီအထုပ်ကလေးကို ဘုတ်ခနဲ ချပေးလိုက်၍. . .

"ပန်းကန် သွားယူပေးမယ်၊ ခဏ"

ဟုဆိုကာ မီးဖိုခန်းထဲ ဝင်ကာသွား၏။ ကောင်လေးနဲ့ ကောင်မလေးက အာလူးပူရီအထုပ်ကလေးကို ကြောင်တောင်တောင်





နဲ့ ကြည့်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။ ထို့နောက် မှတ်ကြီး ပြန်ထွက်အလာတွင်. . .

"ဒါပဲလား အစ်ကို"

မှတ်ကြီးက ပန်းကန်ထဲသို့ အာလူးပူရီနှစ်ချပ်ကို ထည့်ပေး၍ ခပ်တည်တည်ပင်. . .

"တစ်ယောက်တစ်ချပ် စားလိုက်ပေါ့ကွာ၊ ငါလည်း မင်းတို့ ဘာကြိုက်မှန်း မသိဘူးလေ၊ ဒါပဲတွေ့တာနဲ့ ဝယ်လာတာ"

"ကျွန်တော်တို့က အကုန်စားပါတယ် အစ်ကိုရယ်"

ကောင်လေးက မျက်နှာငယ်လေးနှင့် ဆိုလေသည်။ မှတ်ကြီးက ပိုတဲ့ပိုက်ဆံ ထုတ်ပေး၏။ အေးမိအတွက် ပေးလိုက်တဲ့ ဆိတ်စွပ်ဖိုးကိုတော့ သူ့အိတ်ထဲကပင် စိုက်ပေးလိုက်သည်။ သူ့အတွက် ဆိုက်ကားခငါးရာကိုတော့ နုတ်ယူထားလိုက်၏။ ထို့နောက် ထိုင်ရာမှ ထ၍. . .

"ကဲ လောလောဆယ် ဒါလေးစားထားလိုက်ဦး၊ ငါပြန်လာရင် ထပ်ဝယ်လာခဲ့မယ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဒါဆို ပိုက်ဆံယူသွားဦးလေ"

မှတ်ကြီးက လက်ကာပြ၍. . .



www.burmeseclassic.com

www.burmeseclassic.com



“ပြီးမှ ပြန်ပေးပါ”

မှတ်ကြီး ထွက်ကာသွားသည်။ ကောင်လေးနဲ့ ကောင်မလေးက အာလူးပူရီလေး နှစ်ချပ်ကို တစ်ယောက်တစ်လှည့် ခွဲ့ကျွေးရင်း ကျန်ခဲ့လေတော့သည်။ သူတို့အတွက်ကတော့ တော်တော်ပျော်မြူးနေကြသည်။ မှတ်ကြီးက ထိုမြင်ကွင်းကို ဖျတ်ခနဲ ကြည့်၍ အေးမိကို သတိရလိုက်မိပါသည်။

အေးမိကရော သူပေးလိုက်တဲ့ ဆိတ်စွပ်နံပြားကို စားရင်း သူ့ကို သတိရနေမလားမသိ။

သို့သော်. . . မထင်. . .။

◆ ◆ ◆





ထမင်းကြော်တစ်ထုပ် ပါလာသည်။ ထုံးစံအတိုင်း နှစ်ယောက်ခွဲစားလိုက်ရ၏။ မှတ်ကြီးက ထမင်းကြော်ကို အားရပါးရစားနေတဲ့ ကောင်လေးနဲ့ ကောင်မလေးကိုကြည့်ရင်း. . .

“မင်းတို့နာမည်တွေ ဘယ်လိုခေါ်လဲ ပြောပါဦး”

“ကျွန်တော့်နာမည်က ညီသုတ၊ သူ့နာမည်က ယွန်းယွန်းတဲ့၊ အစ်ကို့နာမည်ကရော”

“ငါ့နာမည်က မှတ်ကြီးလို့ခေါ်တယ်၊ ဒီရပ်ကွက်မှာတော့ ငါ့ကို မသိတဲ့လူမရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



ညီသုတက ပြုံးလိုက်၏။ ထို့နောက် ထမင်းကို ဆက်စားသည်။

"ဒါနဲ့ မင်းတို့ ဘယ်အချိန်သွားမလဲ"

"ဘယ်ကိုလဲ"

"မင်းတို့ ဒီကနေ ခရီးဆက်မယ်ဆို"

ညီသုတက သက်ပြင်းကို ချလိုက်သည်။ ထို့နောက် ကောင်မလေးဘက် လှည့်ကြည့်၍. . .

"ကျွန်တော်တို့လည်း အဲဒါပဲ စဉ်းစားနေကြတာပါ၊ ဘယ်အချိန် ထွက်ရမလဲ မသိပါဘူးဗျာ၊ တော်ကြာ ကျွန်တော်တို့ ထွက်သွားလို့ သူတို့ လမ်းမှာ စောင့်ဖမ်းနေရင် ဒုက္ခ"

"မင်းတို့ဟာကလည်း မလွယ်ပါလားကွာ"

မုတ်ကြီးက ခေါင်းကုတ်ကာ ပြောလိုက်သည်။ ကောင်မလေးကလည်း မျက်နှာငယ်လေးနှင့် မုတ်ကြီးကို ကြည့်၍. . .

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ညီမတို့က တကယ်တော့ အခက်အခဲတွေကြားထဲက နှစ်ယောက်စလုံး ချစ်လွန်းလို့ ထွက်ပြေးလာကြရတာပါ၊ မိသွားလို့ကတော့ ညီမတို့နှစ်ယောက် တစ်သက်လုံး ဝေးပြီပဲ"





ကောင်မလေးအသံက တုန်ယင်နေသည်။ ချစ်သူနဲ့ ဝေးရမှာကိုလည်း အသေအလဲ ကြောက်ရွံ့နေမှန်း ပုံစံကြည့်တာနှင့် သိသာ၏။ မုတ်ကြီးက ကိုယ်ချင်းစာစွာ ခေါင်းတညိတ်ညိတ်လုပ်ရင်း. . .

"ငါ ကိုယ်ချင်းစာပါတယ်ကွာ၊ ဒါပေမယ့် မင်းတို့ ဒီလိုပဲ နေနေလို့တော့ မဖြစ်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ နားလည်ပါတယ်အစ်ကို"

ညီသုတက ဝင်ပြော၏။ မုတ်ကြီးက. . .

"ငါ့ဆီမှာ မင်းတို့ကို မထားချင်လို့ ပြောတာမဟုတ်ဘူးနော်၊ ငါက တစ်ယောက်တည်းသမား၊ မင်းတို့ရှိနေလို့ ဘာမှမဖြစ်ဘူး၊ ဒါပေမယ့်"

မုတ်ကြီးက ထိုနေရာတွင် စကားခဏရပ်ကာ နှစ်ယောက်စလုံးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ ကောင်လေးနှင့် ကောင်မလေးက မုတ်ကြီးကို နားလည်စွာကြည့်၍. . .

"ဟုတ်ကဲ့၊ ကျွန်တော်တို့ နားလည်ပါတယ်"

"ဟုတ်ကဲ့၊ ညီမတို့ သိပါတယ်၊ အခုလောက်ထိ ကူညီပေးတာကိုပဲ ကျေးဇူးတင်ပါပြီ"

မုတ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်သည်။ ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းတို့က လက်ထပ်ပြီးပြီလား"

"ဘယ်လိုလုပ် လက်ထပ်ရဦးမှာလဲ အစ်ကိုရယ်၊ ခိုးပြေးလာကတည်းက အခုထိ ပြေးလွှားနေရတာနဲ့ တရားရုံးတောင် မရောက်သေးဘူး"

မုတ်ကြီးက သက်ပြင်းကို ချသည်။ ထို့နောက် ဘာမှဆက်မပြောတော့ဘဲ 'စားကြ. . . စားကြ'ဟုပြောကာ ထမင်းဝိုင်းမှ ထသွားပါတော့သည်။ ညီသုတတို့ နှစ်ယောက်သာ ထမင်းဝိုင်း၌ ကျန်ခဲ့ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ခေါင်းခါလိုက်ကြ၏။

သူတို့၏ ခရီးလမ်းသည် ရှေ့လျှောက် ဖြောင့်ဖြူးပါစေဟု ဆုတောင်းလိုက်ကြပါ၏။

◆ ◆ ◆



# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



ရှု သိဥတုလေးက လေလေးတဖြူးဖြူးနှင့် မိုးကလေးအုံ့ကာ ခြေခင်းလက်ခင်းလေး သာနေ၏။ မှတ်ကြီးတို့ ဆိုက်ကားဂိတ်တွင် ခရီးသည်ပါးနေ၍ ကျားထိုးသူထိုး၊ ငိုက်မြည်းသူ မြည်းနေကြသည်။ မှတ်ကြီးက သူကြုံတွေ့ခဲ့ရသော ညီသုတတို့ စုံတွဲအဖြစ်အပျက်ကို အောင်ကြီးအား ပြောပြနေသည်။ ဖိုးထောင်က သူ့ဆိုက်ကားခုံပေါ်မှာ မေးတင်ရင်း နားထောင်နေ၏။

မှတ်ကြီး စကားဆုံးသွားတော့ အောင်ကြီးက. . .

"တော်သေးတာပေါ့၊ မင်းအိမ်ကိုဝင်တာ သူခိုးမဟုတ်ဘဲ





သူတို့နှစ်ယောက်ဖြစ်နေလို့"

"အေးပေါ့. . . သူတို့ဘဝလေးတွေက သနားစရာကောင်းပါတယ်ကွာ၊ မိန်းမခိုးပြီးကတည်းက ပြေးလွှားနေရတာ"

"ဒီလိုပဲပေါ့ကွာ၊ ကိုယ့်ဒုက္ခကိုယ်ရှာကြတဲ့ လူတွေပါပဲ"

အောင်ကြီးက ပြောလိုက်သည်။ ဖိုးထောင်က. . .

"အခုတော့ သူတို့နှစ်ယောက် ထွက်သွားပြီပေါ့ ဟုတ်လား"

"မနေ့က ညနေကပဲ ထွက်သွားကြတယ်၊ အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

"ဘာပဲဖြစ်ဖြစ် လူတစ်ဖက်သား ဒုက္ခရောက်နေတဲ့အချိန်မှာ မင်း ကူညီပေးလိုက်တဲ့အတွက် ကုသိုလ်ရပါတယ်"

မှတ်ကြီးက ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါဘဲ ပြုံးပြုံးကြီးသာ လုပ်နေလိုက်လေသည်။

အောင်ကြီးက မှတ်ကြီးကို ကြည့်ပြီး. . .

"မင်းနဲ့ အေးမိနဲ့ ဇာတ်လမ်းကရော ဘယ်လိုလဲ"

"ဒီလိုပါပဲ"

"အဘွားကြီးက မလွယ်ဘူးနော်၊ သူ့သမီးကို တော်ရုံလူ သဘောတူမယ့်ပုံ မပေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့၊ ငါတို့လို လူမျိုးတွေနဲ့ တန်တယ်လို့မှ မထင်တာ"

"သူတို့ကရော ဘာတွေမို့လို့လဲကွာ၊ ကုန်ခြောက်ဆိုင်လေး ဖွင့်ထားတာနဲ့ပဲ လူတွင်ကျယ်ဖြစ်ရောလား"

ထိုစကားကို ဖိုးထောင်က ဝင်ပြောလိုက်ခြင်းဖြစ်၏။ ဖိုးထောင်စကားဆုံးတော့ သစ်ပင်ရိပ်အောက်မှာ ကျားထိုးနေသည့် ကိုမုတ်ဆိတ်က တစ်ချက်လှမ်းကြည့်၍. . .

"ငါတို့တွေထက်စာရင်တော့ သူတို့ဘဝက တော်သေးတာပေါ့ကွာ၊ ဟုတ်တယ်မလား မှတ်ကြီး"

မှတ်ကြီးက ပြုံးပြ၏။ ကိုမုတ်ဆိတ်က ဆက်ပြော၏။

"ဆိုက်ကားသမားထက်စာရင် ကုန်စုံဆိုင်ပိုင်ရှင်ကို ပိုစိတ်ဝင်စားတာပေါ့ကွာ၊ ဟုတ်တယ်မလား"

မှတ်ကြီးမျက်နှာ ကွက်ခနဲ ပျက်သွား၏။ အောင်ကြီးက မှတ်ကြီး မျက်နှာပျက်သွားတာကို သတိထားမိလိုက်၍. . .

"ကိုမုတ်ဆိတ်ကလည်းဗျာ စကားပြောလိုက်ရင် ရှေ့မကြည့် နောက်မကြည့်နဲ့"

"ဟား. . . ဟား. . . ဟား. . . ဟား ငါက အမြင်ကို အမြင်





အတိုင်းပြောတာပါကွာ၊ ဘာဖြစ်လို့လဲ"

ထိုတော့မှ မှတ်ကြီးက ရယ်ကျဲကျဲ အမူအရာလုပ်လိုက်ပြီး

"ဟုတ်ပါတယ်ဗျာ၊ ကိုမုတ်ဆိတ်ပြောတာလည်း ဟုတ်နေတာပဲ၊ ကျွန်တော့်ထက်စာရင်တော့ ကိုချစ်ထွေးကို ပိုတာပေါ့"

ကိုချစ်ထွေးဆိုတာ သူတို့ရပ်ကွက်ထိပ်က လက်ကားပေးတဲ့ ကုန်စုံဆိုင်ပိုင်ရှင်ကြီး ဖြစ်သည်။ အေးမိတို့လို ကုန်စုံဆိုင်လေးများက ကိုချစ်ထွေးတို့လို ဆိုင်ကြီးတွေမှာ ဖောက်သည်ပြန်ယူရ၏။ ကိုချစ်ထွေးက အေးမိကို သဘောကျနေသည်။ အေးမိအိမ်ကလည်း လိုလိုလားလားရှိ၏။ ဒါကို ရည်မှန်း၍ ပြောခြင်းဖြစ်သည်။

မှတ်ကြီးတို့ စကားကောင်းနေစဉ် ခရီးသည်တစ်ဦး ရောက်လာ၏။ ဘယ်သူ့အလှည့်လဲဟု အောင်ကြီးက မေးလိုက်တော့ ကိုမုတ်ဆိတ်က ထရပ်လိုက်သည်၊ ကိုမုတ်ဆိတ်နဲ့ ခရီးသည်ထွက်သွားတော့ အောင်ကြီးက လှမ်းကြည့်၍. . .

"ကိုမုတ်ဆိတ်လည်း ကလေးနှစ်ယောက်နဲ့ မလွယ်ဘူးနော်"

"တစ်ယောက်တည်းပါကွာ၊ မင်းကလဲ"

"ဗိုက်ထဲကတစ်ယောက်က မကြာခင် လူ့လောကထဲ ရောက်တော့မှာလေ"

www.burmeseclassic.com



"အဲဒါဘာဖြစ်လဲ"

မှတ်ကြီးက မေးတော့ အောင်ကြီးက. . .

"ဒီလောက် ကိုယ့်ရှေ့မှာ အိမ်ထောင်ကျပြီး စီးပွားရှာရတာတစ်ဖက်၊ သားကျွေးမှု မယားကျွေးမှုက တစ်ဖက်နဲ့ လူတွေ ဒုက္ခရောက်နေတာတောင် မင်းက အိမ်ထောင်ပြုချင်တယ် ဟုတ်လား"

"ငါက အိမ်ထောင်ပြုချင်သေးတယ်လို့ မင်းကို ဘယ်သူပြောလဲ"

"မင်းက အေးမိကို ကြိုးစားနေတာလေ"

"ဟာ. . . အေးမိနဲ့ ငါနဲ့က ဘာမှမှ မဖြစ်သေးတာ"

"မဖြစ်သေးလို့ပေါ့ကွာ၊ ဖြစ်များဖြစ်ရင် မင်းလား နေမယ့်ကောင်"

"ဟီး. . . ဟီး မင်းကလည်းကွာ"

မှတ်ကြီးက စပ်ဖြီးဖြီးနှင့်ဆိုသည်။ အောင်ကြီးက ခဏနေတော့ ခရီးသည်လာ၍ ပါသွားသည်။ ဖိုးထောင်က သူ့အလှည့်စောင့်နေသေး၍ ဆိုက်ကားဘေးခုံမှာ ကျောမှီရင်း မှေးနေ၏။

မှတ်ကြီးတစ်ယောက်သာ ဟိုကြည့်လိုက် ဒီကြည့်လိုက်နှင့် ခရီးသည်မျှော်ရင်း ဆေးပေါ့လိပ်တစ်လိပ်ကို ဖွာနေလိုက်ပါတော့





သည်၊ ခဏနေတော့ လူကြီးတစ်ယောက် ရောက်လာ၏။ ဟိုဘက်ရပ်ကွက်ထိပ် လိုက်ပို့ခိုင်း၍ သူလည်း ထိုလူကြီးကို တင်ကာ ထွက်ခဲ့လိုက်ပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



၃ ရှိသည့်လူကြီးကို လိုက်ပို့ပြီးနောက် မှတ်ကြီးက ရပ်ကွက်အနောက်ဘက်ကို ထွက်လာခဲ့သည်။ ဒီအချိန် အလုပ်ဆင်းချိန်ဆိုတော့ ကားမှတ်တိုင်ဘက်မှာ ခရီးသည်လေး ဘာလေး ရနိုင်သည်ဟု တွေးမိသောကြောင့် ဖြစ်၏။ ကားမှတ်တိုင်နားရောက်တော့ ကွမ်းယာဆိုင်တစ်ဆိုင်ရှေ့ ရပ်ရင်း ကွမ်းဝယ်နေလိုက်သည်။ ကွမ်းယာသည်ကလည်း သူနဲ့သိနေ၍ ထွေရာလေးပါး ပြောနေလိုက်၏။

"ဘယ်လိုလဲ မှတ်ကြီးရဲ့၊ ဒီဘက်မရောက်တာတောင် ကြာပါရောလား"



"ဟုတ်တယ် ကိုစောရေ၊ ဒီရက်ပိုင်း ဟိုဘက်မှာပဲ အလုပ်ဖြစ်နေလို့"

"ကဲ. . . ပြော ဘယ်လောက်ဖိုးလဲ"

"ထုံးစံအတိုင်း နှစ်ရာဖိုးပေါ့"

ကွမ်းယာသည်က ကွမ်းယာ ယာသည်။ မှတ်ကြီးက သွားကြားထိုးတံ တစ်ချောင်းယူ၍ ဟိုထိုးဒီထိုးလုပ်ရင်း ပတ်ဝန်းကျင်တို ခရီးသည် ရလိုရငြား ငေးနေလိုက်၏။ ထိုအချိန်တွင်. . .

"ဟာ. . . အစ်ကိုနဲ့တွေ့ရတာ ဘုရားမတာပဲဗျာ၊ လုပ်ပါဦး အစ်ကိုရယ် ကျွန်တော်တို့ကို ကယ်ပါဦး"

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် မှတ်ကြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ညီသုတတို့ စုံတွဲဖြစ်နေတာ တွေ့လိုက်ရ၏။

"ဟာ. . . မင်းတို့ ဘယ်လိုဖြစ်. . ."

"နောက်မှပြော အစ်ကို၊ အခုလောလောဆယ် လမ်းကြို လမ်းကြားကသာ အစ်ကို့အိမ်ကို နင်းပေတော့"

"ဟာ. . . မင်းတို့က အခုထိ"

"လုပ်ပါ အစ်ကိုရယ်၊ သွားပါ မြန်မြန် မြန်မြန်"

"အေး. . . အေး"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက ဆိုက်ကားပေါ်သို့ လှသွားခနဲ ခုန်တက်လိုက်၏။ ညီသုတနဲ့ သူ့ကောင်မလေးက ဆိုက်ကားပေါ်ကို ရောက်နေနှင့်ကြပြီးဖြစ်၏။

မှတ်ကြီး ခတ်တိုင်တစ်တိုင်လောက်ပဲ နင်းရသေးချိန်တွင်

"ဟေ့. . . ဆိုက်ကား ရပ်၊ အခုရပ်"

အနောက်မှ လူတစ်စု၏အသံ ကြားလိုက်ရ၏။ ထိုအချိန် ညီသုတ၏အသံ ပေါ်လာသည်။

"မရပ်နဲ့အစ်ကို၊ မရပ်နဲ့၊ နင်း. . . နင်း အဲဒါ ကျွန်တော်တို့ကို လိုက်ဖမ်းနေတဲ့လူတွေ"

"အေး. . . အေး စိတ်ချ"

မှတ်ကြီးက အရင်ကထက် အားစိုက်ကာ နင်းသည်။ နောက်က လူစုကလည်း သူတို့ ဒီအတိုင်းလိုက်နေလို့ မဖြစ်မှန်း သိသွား၍ နီးစပ်ရာ ဆိုက်ကားနှစ်စီးကို ငှားကာ မှတ်ကြီးတို့နောက် လိုက်လာသည်။ ထိုအခြင်းအရာကို ညီသုတ တွေ့လိုက်ပြီးနောက်. . .

"အစ်ကို. . . နင်း. . . နင်း မြန်မြန်နင်း၊ ဟိုမှာ သူတို့တွေ ဆိုက်ကားနှစ်စီးငှားပြီး လိုက်လာပြီ"

"ဟေ ဟုတ်လား"



အာမေဋိတ်သံနဲ့အတူ မှတ်ကြီး လှည့်ကြည့်လိုက်၏။

သူမသိသော ဆိုက်ကားနှစ်စီးနှင့် ဆိုက်ကားပေါ်တွင် ပါလာသော လူမိုက်ရုပ်ပေါက်နေသူများကိုပါ တွေ့လိုက်ရလေသည်။ မှတ်ကြီး နည်းနည်းတော့ ဖြုံသွား၏။ အကယ်၍ ထိုလူတွေသာ သူတို့ကို မိလိုက်လျှင် သူပါ မချောင်ပေ။ လူတွေကြည့်ရတာ တကယ်လုပ်မယ့်ရုပ်တွေနှင့် ရုပ်ရှင်တွေထဲက လူကြမ်းတွေလို မျက်မှန်အမည်းကြီးတွေက တပ်ထားသေး၏။

"အစ်ကို နင်းပါ အစ်ကိုရဲ့၊ နင်းပါ။ မိလို့ကတော့ မလွယ်ဘူး အစ်ကို"

"ဟေ"

"မဟေနဲ့ အစ်ကို၊ လွတ်အောင်သာနင်း"

ကောင်လေးက တဆာဆာအော်နေသည်။ ကောင်လေးပုံစံကြည့်ရတာ ထိုလူအုပ်ကို တော်တော်လန့်နေပုံလည်း ရ၏။ မှတ်ကြီးခမျာ ကြောက်ပါတယ်ဆိုမှ ကောင်လေးအပြောကြောင့် ခေါင်းမွေးတွေပါ ထောင်သွား၏။ ထို့ကြောင့် တစ်ကိုယ်လုံး အားအင်တွေကို စိုက်ကာ. . .

"စိတ်ချ၊ ဒီနယ်တစ်ခွင် မှတ်ကြီးဆိုက်ကားကို မီအောင်နင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူ မရှိဘူး”

“စိတ်ချပါတယ် အစ်ကိုရယ်”

တဟယ်လည်း မြန်ပါသည်။ ဆိုက်ကားက လှစ်လှစ် လှစ်လှစ်နေအောင် ပြေး၏။ ပြေးမှာပေါ့ အသက်လုပြီး ပြေးရတဲ့လူ တွေရဲ့ ထုံးစံအတိုင်း အင်အားက နှစ်ဆ။

ဤသို့နှင့် လမ်းကြိုလမ်းကြားတွေက ဖြတ်ကာ နင်းရင်း အနောက်က ဆိုက်ကားနှစ်စီးကို သူတို့ မျက်ခြေဖြတ်လိုက်နိုင်ပါတော့ သည်။

အနောက်က လိုက်တဲ့သူတွေကတော့ ဒေါသပုန်ထရင်း သူတို့ဆိုက်ကားသမားတွေနှင့် ရန်တွေဖြစ်ကာ ကျန်ခဲ့၏။

“မင်းတို့ ဒီလောက်ကလေးတောင် မီအောင် မနင်းနိုင်ဘူး လားကွ တောက်”

“ကျွန်တော်တို့လည်း နင်းတာပဲ အစ်ကိုရယ်၊ အာစရိတွေ့တဲ့ အတိုင်းပဲ ဒူးပြုတ်မတတ်နင်းတာပဲ၊ နင်းသွားတဲ့ကောင်က လူမှဟုတ် ရဲ့လား မသိဘူး”

“တောက်. . . လက်မတင်လေးကွာ”

ထိုလူ လေးယောက်ထဲမှ တစ်ယောက်က တောက်ခေါက်





လိုက်သည်။ ထို့နောက် သူစီးလာတဲ့ ဆိုက်ကားသမားကို ကြည့်၍. . .

“မင်းတို့ အဲဒီကောင်ကို သိလား”

“ဘယ်သူ့ကိုပြောတာလဲ”

“အဲဒီဆိုက်ကားသမားကို ပြောတာ”

“မြင်တော့ မမြင်ရဘူး၊ ဒါပေမယ့် ဒီနယ်မှာ စုံစမ်းလိုက်ရင် ရပါတယ်”

“ဒီဘက်ကို ဒီကောင် တစ်ခါတလေ ခွင်ကျော်ပြီး လာတတ် တယ်၊ တစ်ခါတစ်ရံ တွေ့ဖူးတယ်၊ ဘာဖြစ်လို့လဲ”

နောက်ဆိုက်ကားသမားတစ်ယောက်က ဝင်ထောက်လိုက် ၏။ ခုနမေးတဲ့လူက. . .

“ဒီကောင်ရှိတဲ့နေရာကို စုံစမ်းပေး၊ အဲဒါမှ အဲဒီစုံတွဲတို့ ဘယ်ကိုလိုက်ပို့လိုက်လဲဆိုတာ သိရမှာ”

“ရပါတယ် အာစရိရဲ့၊ ဒါပေမယ့်”

ထိုဆိုက်ကားသမားက အဓိပ္ပာယ်ပါပါ ကြည့်၏။ ခုနပြောတဲ့ လူက ပြုံးပြလိုက်ကာ. . .

“စိတ်ချ၊ ငါတို့လိုချင်တာရမယ်ဆို မင်းတို့အတွက် မနစ်နာ စေရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

ဤသို့ဖြင့် ဆိုက်ကားသမားနှင့် လူကြမ်းလေးယောက် နားလည်မှု ရသွားလေပါတော့သည်။

◆ ◆ ◆



နှင်း တွေ တဆတ်ဆတ်တုန်၍ နားနှစ်ဖက်ကလေတွေ တဝူးဝူးထွက်ကာနေ၏။ ခုနက အသက်လု၍ ဆိုက်ကားကို နင်းကန်စွတ်ရွတ် နင်းလာသောကြောင့် ပင်ပန်းမှုက အခုမှ ရုပ်လုံးပေါ်လာသည်။ အောက်စီကျင်ကို နှာခေါင်းနှစ်ပေါက်က ရှူရတာ မဝတော့၍ ပါးစပ်ပါဟပြီး ရှူနေရလေသည်။

တိမ်ရှေ့က ကွပ်ပျစ်ကလေးမှာ ပက်လက်ကလေးလှန်ပြီး ရင်အုံတစ်ခုလုံး ဖားဖိုလိုဖြစ်နေသော မှုတ်ကြီးကို ညီသုတက ကြည့်လိုက်တာ. . .

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပင်ပန်းသွားလား အစ်ကို"

မှတ်ကြီးက ပါးစပ်က ပြန်မပြော၊ အကြည့်နဲ့သာ စကားပြော၏၊ တကယ်လည်း ပါးစပ်က စကားမပြောနိုင်လောက်အောင် လျှာထွက်နေသည်။

ယွန်းယွန်းဆိုတဲ့ ကောင်မလေးက မှတ်ကြီးကို ကြည့်၍. . .

"အစ်ကိုက ဆိုက်ကားနင်း တော်တော်မြန်တာပဲနော်၊ ဒုံးပျံစီးရတာ ကျနေတာပဲ ဟီ. . . ဟီ၊ ပြီးတော့ ကျွမ်းလည်း ကျွမ်းတယ်"

"ဩော်. . . ယွန်းကလည်း အစ်ကို ဒီလောက်ကျွမ်းလို့ ကိုကိုတို့တွေ လွတ်လာကြတာပေါ့ ဟုတ်ဘူးလား"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ ညီမတို့မှာ အစ်ကိုနဲ့တွေ့ရတာ တကယ်ကံကောင်းတာပဲ"

မှတ်ကြီးက မျက်စိကိုသာ မှိတ်ထားကာ အသာနားထောင်နေ၏၊ မျက်လုံးထဲမှာ ပြာဝေဝေ ပြာဝေဝေ ဖြစ်နေသေးတာတွေက အခုထိ မပျောက်သေးပေ၊ တော်တော်လေးကြာတော့မှ နည်းနည်းနေသာထိုင်သာ ရှိသွား၍ ငုတ်တုတ်ထထိုင်လိုက်၏၊

မှတ်ကြီး ထထိုင်လိုက်တာတွေတော့ ညီသုတတို့ စုံတွဲက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ. . .





"အဆင်ပြေလား အစ်ကို"

"အေး"

မှတ်ကြီးက လေးလေးပင်ပင်ကြီး တစ်ခွန်းတည်း ပြောချလိုက်၏၊ ပြီးတော့မှ. . .

"မင်းတို့ရော ဘယ်လိုလဲ"

"ပြေပါတယ် အစ်ကို၊ သူတို့တွေ ဒီဘက်မလာကြသေးဘူး"

"အေး. . . ဒါပေမယ့် ဒီလိုလုပ်နေလို့တော့ မဖြစ်ဘူး၊ သူတို့စီးလာတဲ့ ဆိုက်ကားသမားတွေကို စုံစမ်းလိုက်ရင် ငါရှိတဲ့နေရာကို သိသွားနိုင်တယ်၊ အဲဒီတော့ မင်းတို့ ဒီကလစ်တော့"

"ဗျာ"

"ရှင်"

ညီသုတနှင့် ယွန်းယွန်းက အံ့ဩစွာ ရေရွတ်ရင်း မှတ်ကြီးကို ကြည့်သည်၊ မှတ်ကြီးက သက်ပြင်းချကာ ဆက်ပြော၏၊

"မင်းတို့ ဒီက အချိန်ရှိတုန်းလစ်တာ ကောင်းလိမ့်မယ်၊ တော်ကြာ သူတို့တွေရောက်လာရင် အားလုံး ဒုက္ခရောက်ကုန်မယ်"

"ဟာ. . . အဲဒီလိုတော့ မလုပ်ပါနဲ့အစ်ကိုရယ်၊ ကျွန်တော်တို့ ဒီကထွက်သွားမှ ပိုဆိုးကုန်မှာပေါ့၊ သူတို့က ဒီနားပတ်ဝန်းကျင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြတာ”

မှတ်ကြီးက ညီသုတ စကားဆုံးတော့ မျက်မှောင်ကြုတ်စွာ ကြည့်ရင်း. . .

“ဒီနားပတ်ဝန်းကျင်မှာ ဟုတ်လား”

“ဟုတ်တယ် အစ်ကို၊ ဒီနေ့ ကျွန်တော်တို့နောက် လိုက်လာတာ တစ်ဖွဲ့ပဲရှိသေးတယ်၊ နောက်ထပ်နှစ်ဖွဲ့ ကျန်သေးတယ်”

“ဟေ”

မှတ်ကြီး ပါးစပ်က အာမေဋိတ်သံ လွတ်ခနဲ ထွက်သွား၏။ ပြီးတော့ စိုးရိမ်တကြီးလေသံနှင့်. . .

“မင်း. . . မင်းတို့နှစ်ယောက်က ခိုးပြေးလာကြတာရော ဟုတ်ရဲ့လား”

“ဘာဖြစ်လို့လဲ အစ်ကို”

“ဒု. . . ဒုစရိုက်မှု တစ်ခုခုများ ကျူးလွန်ပြီး ထွက်ပြေးလာကြတာလားကွာ”

“ဟာ. . . အစ်ကိုကလည်း ပေါက်ပေါက်ရှာရှာ လျှောက်တွေးနေပြန်ပြီ၊ ကျွန်တော်တို့သာ ဒုစရိုက်မှုနဲ့ ထွက်ပြေးလာရင် ကျွန်တော်တို့နှစ်ယောက်နောက်ကို ရဲတွေ လိုက်လာမှာပေါ့ဗျ၊ အခု

ဝိ ၊ မိ ၊ ဝ၇ ၉ ၀



ဟာက ရိုးရိုးလူတွေ လိုက်နေတဲ့ဟာကို”

မှတ်ကြီးက ထိုတော့မှ မသိမသာ သက်ပြင်းချမိသည်။ ညီသုတပြောသလိုဆိုရင် ဒုစရိုက်မှု မဟုတ်တာတော့ သေချာသွား၏။ ဒုစရိုက်မှုသာဆိုလျှင် သူ့ဆီကို ယခုအချိန် သက်ဆိုင်ရာက ရဲတွေ ရောက်နေလောက်ပြီ၊ အခုဟာက သူတို့ပြောသလို သွေးနိုးသားနိုး ခိုးပြေးလာတာဖြစ်မည်ဟု တွေးလိုက်၏။

သို့သော် သူ မရှင်းတာတစ်ခုရှိသည်၊ ဘာကြောင့် ဒီလောက် သဲကြီးမဲကြီး လိုက်နေရသလိုဆိုတာကိုပဲ ဖြစ်၏။

“အစ်ကို ကျွန်တော်တို့အကြောင်းကို သိချင်နေတယ်မလား”

မှတ်ကြီးက ခေါင်းညိတ်ပြလိုက်တော့. . .

“ဒါဆို အိမ်ထဲသွားကြရအောင် အစ်ကို၊ အပြင်မှာဆို ဟိုလူတွေ ကျွန်တော်တို့ကို မြင်သွားနိုင်တယ်၊ အိမ်ထဲရောက်တော့ အေးအေးဆေးဆေး ရှင်းပြတာပေါ့ အစ်ကိုရယ်”

မှတ်ကြီးက ခေါင်းညိတ်လိုက်သည်၊ ထို့နောက် တွပ်ဖျစ်ပေါ် မှထ၍ အိမ်ထဲသို့ ဝင်ခဲ့လိုက်ပါတော့၏။

ဟိုလူတွေသာ ဒီအချိန် သူ့အိမ်ထဲ အတင်းအဓမ္မလာလျှင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်မည်ဟု သူက တွေးထားလိုက်ပါ၏။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မိသားစုနှစ်ခုက မတည့်ကြဘူးအစ်ကို၊ မတည့်တာမှ တော်တော်လေး မတည့်ကြတာပါ၊ ကျွန်တော်တို့ မမွေးခင်ကတည်းက သူတို့တွေက ရန်ဘက်တွေပါ၊ ကျွန်တော်တို့တွေ ကြီးလာတော့ ယွန်းယွန်းတို့မိသားစုက ရန်ကုန်ပြောင်းသွားကြတယ်၊ ကျွန်တော်တို့ကတော့ မန္တလေးမှာပဲ ကျန်ခဲ့တယ်"

"ဪ. . . ဒါဆို မင်းတို့က ဒီဇာတိမဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ နှစ်ဘက်စလုံး မန္တလေးဘက်ကပါ"

မှတ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်သည်၊ ပြီးတော့. . .





"ဒါနဲ့ မင်းတို့က ဘယ်လိုတွေ့ကြတာလဲ"

"တက္ကသိုလ်မှာ တွေ့ကြတာပါ၊ သူရော ကျွန်တော်ရော ရေဆင်းတက္ကသိုလ်တက်တော့ ဖျဉ်းမနားမှာ တက်ရတယ်လေ၊ အဲဒါကြောင့် နှစ်ယောက်စလုံး အဆောင်နေကြရင်း တက္ကသိုလ်တက်ရတာပေါ့၊ အဲဒီမှာ တွေ့ကြတာ"

"တံကြမ္မာကလည်း ဆန်းကြယ်တာပဲနော်၊ မင်းတို့တရော တစ်ယောက်နဲ့တစ်ယောက် မသိကြဘူးလား"

ညီသုတက ရယ်ရင်း ကောင်မလေးကို ကြည့်သည်။ ယွန်းယွန်းက ရှက်စနိုးလေးနှင့် ခေါင်းငုံ့ကာသွား၏။

ပြီးမှ ညီသုတက မှတ်ကြီးဘက် လှည့်လိုက်ကာ. . .

"သိပါတယ်၊ သူရော ကျွန်တော်ရော လူချင်းမတွေ့ဖူးပေမယ့် မိဘတွေပြထားလို့ ဓာတ်ပုံတွေတော့ တွေ့ဖူးပါတယ်၊ ရေဆင်းတက္ကသိုလ်မှာ နှစ်ယောက် မျက်နှာချင်းဆိုင်တွေ့ကြတော့ တစ်ယောက်နဲ့တစ်ယောက် တော်တော်အံ့ဩသွားကြတာ၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စုံစမ်းကြည့်လိုက်တော့ ကျွန်တော်တို့မိဘတွေ ပြထားတဲ့ ဓာတ်ပုံထဲက လူတွေဆိုတာ သိလိုက်ရတယ်၊ ဒါပေမယ့် အစ်ကိုရယ် ကျွန်တော်တို့နှစ်ယောက်ကလည်း ဘယ်ဘ၀



www.burmeseclassic.com

www.burmeseclassic.com



တ ရေစက်လည်း မသိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် မြင်မြင်ချင်းပဲ စိတ်ဝင်စားမိပြီး သံယောဇဉ်ဖြစ်သွားကြတယ်၊ နောက်တော့ ချစ်သူတွေ ဖြစ်သွားကြတယ်ဆိုပါတော့ဗျာ"

မှတ်ကြီးက သက်ပြင်းကိုချသည်၊ ခဏနေတော့. . .

"မင်းတို့မိဘတွေက မင်းတို့နှစ်ယောက် တတ္တသိုလ် အတူတူတက်ကြတာ မသိကြဘူးလား"

"မသိလို့ပေါ့ အစ်ကိုရယ်၊ ရန်ကုန်နဲ့ မန္တလေးဖြစ်နေတော့လည်း တစ်ယောက်သားသမီး တစ်ယောက် ဘယ်မှာတက်တယ်ဆိုတာ သတင်းမကြားမိကြဘူးထင်ပါရဲ့၊ နို့မို့ဆို ကျွန်တော်တို့ကို ဒီလို ဘယ်တက်ခိုင်းပါ့မလဲ"

"ဒါနဲ့ နောက်တော့ ဘယ်လိုသိသွားလဲ"

"သိသွားတာကတော့ သူ့ဘက်က အရင်စသိသွားတာပါ၊ သူ့အိမ်က ကျောင်းကို လိုက်လာရင်း သူနဲ့ကျွန်တော့်ရဲ့ ဇာတ်လမ်းကို သိသွားကြတာ၊ ပထမတော့ တခြားကျောင်းသားတစ်ယောက်ထင်ပြီး သူတို့သမီးနဲ့ ကြိုက်တဲ့လူ ဘယ်လိုအခြေအနေရှိလဲ စုံစမ်းကြရင်း ကျွန်တော်ဆိုတာ တဲ့တိုးကြီး သိသွားကြတာ"

"အဲဒီတော့"



"အဲဒီတော့ ဘာပြောကောင်းမလဲ သူ့သမီးကို စာမေးပွဲတောင် ဖြေခွင့်မပြုဘူး၊ တစ်ခါတည်း ရန်ကုန်ပြန်ခေါ်သွားကြတာပေါ့"

မှတ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်သည်၊ ထို့နောက် ညီသုတကိုကြည့်၍. . .

"ဒါနဲ့ မင်းက ရန်ကုန်အထိ လိုက်လာပြီး ယွန်းယွန်းကို မရရအောင် ခိုးတယ်ဆိုပါတော့"

"ဒါပေါ့ အစ်ကိုရယ်၊ သူတို့တွေ ဘယ်လိုပဲဖျက်ပါစေ ကျွန်တော်တို့ကတော့ ရအောင်ယူမှာပဲ"

"ကြိုက်တယ်ကွာ၊ အဲဒီစိတ်ဓာတ်ကို ကြိုက်တယ်"

မှတ်ကြီး လက်ဖျောက်တစ်ချက်တီး၍ ထအော်လိုက်၏၊ သူလည်း အေးမိအပေါ် ဒီလိုပြတ်သားတဲ့ စိတ်ဓာတ်မျိုး ထားရမည်ဟု မဆီမဆိုင် တွေးမိလိုက်သေးသည်၊ ကိုချစ်ထွေးလို့ခေါ်တဲ့ တရုတ်ဗိုက်ပူနောက်တော့ အပါမခံနိုင်ပေ၊

"ကျွန်တော်တို့ ဇာတ်ကြောင်းကတော့ ဒါပါပဲအစ်ကို"

"နေဦးကွ၊ တစ်ခုကျန်သေးတယ်"

"ဘာများလဲ အစ်ကို"

www.burmeseclassic.com



"မင်းတို့မိသားစု နှစ်စုက ဘာလို့မတည့်ကြတာလဲ"

ပြောပြီးသွားမှ သူတို့ စပ်စုတယ်ထင်သွားမလားဆိုပြီး မှတ်ကြီး ရင်ထိတ်သွားသေး၏။

ညီသုတက ခပ်အေးအေးပင် ဆက်ပြောသောကြောင့် သက်ပြင်းချလိုက်မိသည်။

"စီးပွားရေးကိစ္စတွေပေါ့ အစ်ကိုရယ်၊ သူနယ် ကိုယ့်နယ် သူ့ဈေးကွက် ကိုယ့်ဈေးကွက် လုရင်းက ဇီးကွက်နဲ့ ကျီးကန်းလို ကမ္ဘာ ရန်သူတွေ ဖြစ်သွားကြတာ"

"မလွယ်ပါလား ကိုယ့်ညီရာ"

ညီသုတက ပြုံးလိုက်သည်။ ယွန်းယွန်းကလည်း ခေါင်းလေး ငုံ့ကာ ပြုံးနေ၏။ မှတ်ကြီး ထိုစုံတွဲလေး နှစ်ယောက်ကိုကြည့်၍ သနား သွား၏။ ခဏကြာတော့ ညီသုတက. . .

"အစ်ကို့အကြောင်းလေးလည်း ပြောပြဦးလေ"

"ဟေ"

မှတ်ကြီးက ရုတ်တရက် တအံ့တသြ ရေရွတ်လိုက်တော့. . .

"ဟုတ်တယ်လေ၊ အစ်ကို့အကြောင်းလေးလည်း ပြောပါဦး၊ နားထောင်ရအောင်"

ဦး : မို : ၁ ၇ ၈ ပ



"ဟား. . . ဟား. . . ဟား မင်းတို့က ငါ့အကြောင်းသိချင် တယ်ဆိုပါတော့"

"ဟုတ်ကဲ့"

မှတ်ကြီးက လည်ချောင်း တစ်ချက်ရှင်းလိုက်သည်။ ပြီးနောက်

"ငါ့အကြောင်းက ထွေထွေထူးထူး မရှိပါဘူး၊ ငါ့ဇာတိက ရေနံချောင်းဘက်က၊ မိဘနှစ်ပါးက ငယ်ငယ်ကတည်းက ဆုံးသွားပြီ၊ အဲဒါ အရွယ်ရောက်တော့ ဦးလေးဖြစ်သူနဲ့ ရန်ကုန်တက်လာရင်း ဒီမှာအခြေချဖြစ်တယ်၊ ပညာကလည်း သိပ်မတတ်တော့ ဆိုက်ကား နင်းစားတယ်ပေါ့ကွာ၊ ဒါပါပဲ၊ ဒီအလုပ်အပြင် အရင်က တခြားအလုပ် တွေလည်း လုပ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် အခုတော့ ဒီအလုပ်မှာပဲ မြဲနေတယ်ဆိုပါတော့"

"သြော်. . . ဒါနဲ့ အစ်ကို့ဦးလေးကရော"

"သေပြီ"

"ဟာ. . . ဆောရီးဗျာ"

"မင်းက ဘာကြောင့် တောင်းပန်ရတာလဲ"

"အဲ. . . ဟို မဟုတ်ပါဘူး၊ အစ်ကို စိတ်မကောင်းဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



မှာရိုးလို့ပါ"

"အမလေးကွာ၊ လူပဲ တစ်နေ့သေရမှာပဲ၊ စောစောသေသွားတော့လည်း အေးတာပဲ"

ညီသုတက ရယ်သည်။ ယွန်းယွန်းက ပြုံးစိစိဖြစ်သွား၏။

"ဒါနဲ့ ဒီအိမ်က အစ်ကို့အိမ်ပေါ့"

မှတ်ကြီးက ခေါင်းညိတ်၍...

"ဟုတ်တယ်၊ ငှားနေတာ"

"ခြော်... ဘယ်လောက်ပေးရလဲ"

"လေးသောင်း"

"ဗျာ... လေးသောင်း ဟုတ်လား"

ညီသုတက တအံ့တသြ ထအော်တော့ မှတ်ကြီးက မျက်မှောင်ကြုတ်လိုက်၍...

"ဘာဖြစ်လို့လဲကွ"

"တန်... တန်... တန်လို့ပါ အစ်ကိုရယ်၊ လေးသောင်းတည်းနဲ့ ဒီလိုနေရတယ်ဆိုတာ မိုက်တာပေါ့၊ ဟိုတယ်အခန်းဖိုး တစ်ရက်စာတောင် မရှိဘူး"

ညီသုတစကားဆုံးတော့ မှတ်ကြီးက အားရပါးရ ထရယ်၏။





ညီသုတက မှတ်ကြီးကို ကြည့်၍...

"အစ်ကိုက ဘာရယ်တာလဲ"

"ဘာ... ဘာမှမဟုတ်ပါဘူးကွာ၊ မင်းတို့နှစ်ယောက်က ဘယ်မှာနေရမှန်းတောင် မသိဘဲ ရွာရိုးကိုးပေါက် လျှောက်ပြေးနေရတဲ့လူတွေကများ ဟိုတယ်ခန်းတွေ ဘာတွေ ပြောနေလို့ပါ"

မှတ်ကြီး စကားဆုံးတော့ ညီသုတတို့ စုံတွဲပါ ထရယ်လိုက်ကြသည်။ အားရပါးရ ရယ်လိုက်ရ၍ သူတို့ရင်ထဲမှာ ပူပင်သောကတွေပျောက်ကာ ခဏလောက်တော့ ပေါ့ပါးသွားကြ၏။

အရယ်ဆုံးတော့ ညီသုတက...

"အစ်ကို"

"ဘာလဲ"

"ကျွန်တော်တို့ကို ဒီမှာ ခဏလောက် နေခွင့်ပေးပါလားဗျာ"

"ဟာ... မင်းတို့က ဘာမှလည်း မဆိုင်ဘဲနဲ့"

"အစ်ကို ခုန နေစရာကိစ္စပြောတာနဲ့ ကျွန်တော်တို့လည်း အဲဒီကိစ္စကို သတိရသွားလို့ပါ"

"အလို... ငါကပဲ သတိပေးလိုက်သလို ဖြစ်သွားတာပေါ့"

ညီသုတက ရယ်ကာ ခေါင်းညိတ်၏။ ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့နေရာလေးက နေလို့လည်းကောင်းတယ်၊ ပြီးတော့ ပျဉ်ထောင်အိမ် သပ်သပ်ရပ်ရပ်လေးနဲ့ အေးအေးဆေးဆေးလေး၊ ကျွန်တော်တို့လည်း အခုလောလောဆယ် နေစရာမရှိသေးတဲ့အတူ တူ အစ်ကို့ဆီမှာ ခဏခိုနေတာ ပိုအဆင်ပြေမလားလို့ပါ"

မှတ်ကြီးတို့အိမ်က ညီသုတပြောသလို သန့်ဟာလေးနဲ့သူတော့ သာသာယာယာလေး ရှိပါသည်။ မှတ်ကြီးက ညီသုတစကားဆုံးတော့ ခဏတွေဝေသွား၏။ မှတ်ကြီး တွေဝေနေချိန်တွင် ညီသုတက မဝံ့မရဲ လေသံလေးနှင့်. . .

"တ. . . တ. . . တစ်မျိုးတော့ မထင်ပါနဲ့နော်၊ ကျွန်တော်တို့ နေနေတဲ့ ကာလပတ်လုံး အစ်ကို့ကို အိမ်လခ ပြန်ပေးနေပါ့မယ်"

မှတ်ကြီးမျက်လုံးက လက်ခနဲ တစ်ချက်ဖြစ်ကာသွား၏။ ခဏကြာတော့ လေသံခပ်အေးအေးလေးနှင့်. . .

"ဘယ်လောက်ပေးမှာလဲ"

"ငါးသောင်း"

"ဘာ"

မှတ်ကြီး ထအော်လိုက်သော 'ဘာ'သည် အံ့ဩလွန်းသော 'ဘာ'ဖြစ်သည်။ သူယခုငှားနေရတာ လေးသောင်း၊ ကောင်လေးတွေ





ပေးတာ ငါးသောင်းဆိုတော့. . .

"အစ်ကိုဖြစ်မလား အစ်ကို"

ညီသုတက မှတ်ကြီးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာဆို၏။ မှတ်ကြီးမျက်နှာမှာ အပြုံးက တစ်စတစ်စ ဝင်းလက်ကာလာပြီး

"ဒါဆို နေစေဗျား"

"ဟေး"

ညီသုတနဲ့ ယွန်းယွန်းတို့ ပျော်ရွှင်စွာ ထအော်လိုက်သံလေးများ မှတ်ကြီးအိမ်ကလေးကို တုန်လှုပ်သွားစေလျက်. . .။

◆ ◆ ◆



www.burmeseclassic.com

"ဪ ဆို ဘယ်ဆိုးလို့လဲကွ၊ သူတို့နေတဲ့ ကာလပတ်လုံး မင်းအတွက် အိမ်လခအပြင် အပိုဝင်ငွေပါ ရလာတာပေါ့"

ဟု ဖိုးထောင်က ပြောသည်။

အောင်ကြီးက အားကျတဲ့လေသံနဲ့ ဝင်၍. . .

"ဒီလိုစုံတွဲမျိုး နောက်တစ်တွဲလောက် တွေ့ရင် ငါ့ကိုပြောနော်"

မှတ်ကြီးက ရယ်လိုက်၏။ ဖိုးထောင်က အောင်ကြီးကို မျက်စောင်းထိုးလိုက်သည်။ ထိုအချိန်တွင် သူတို့နားသို့ မုန့်ဟင်းခါး



ဖိုမှ ဦးဆန်း ရောက်လာ၏။ ဦးဆန်းက သူ့ရဲ့ရွဲသောဗိုက်ကို ရှေ့သို့ ပစ်ကာ မွှေးရာပါ မျက်မှေးလေးနှင့် မှတ်ကြီးကိုကြည့်၍. . .

"မောင်မှတ် မင်းဆိုက်ကား အားလား"

"အားပါတယ် ဦးဆန်း၊ ဦးဆန်း ဘယ်သွားမလို့လဲ"

"အနောက်ဘက်ထိပ် သွားမလို့ကွ၊ ကြွေးသွားတောင်းစရာ လေးရှိလို့"

"ရကယ်လေ၊ သွားပေါ့"

မှတ်ကြီးက ဆိုက်ကားကို နေရာရွှေ့လိုက်သည်။ ဦးဆန်းက ဆိုက်ကားရှေ့တွင် မိန့်မိန့်ကြီး ထိုင်ရင်း ပါသွား၏။

လမ်းရောက်တော့ ဦးဆန်းက. . .

"မောင်မှတ်၊ မင်းကို ငါ မေးစရာရှိတယ်"

"မေးလေ. . . ဘာလဲ"

မှတ်ကြီးက ဆိုက်ကားနင်းရင်းနဲ့မှ လှည့်ပြောတော့ ဦးဆန်းက

"ဂျမ်းဂျမ်းမှာ ရည်းစားရှိလား"

"ဘဂျမ်း၊ ဘယ်က ဘဂျမ်းလဲ၊ ရေစည်လှည်းတွန်းတဲ့ ဘဂျမ်းလား။ အင်း. . . သိဘူးဗျ၊ ဦးဆန်းက ဘဂျမ်းကို ဘာလုပ်မလို့လဲ"

www.burmeseclassic.com



"ဟာ. . . ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဂျမ်း. . . ဂျမ်း. . . ဂျမ်း ဂျမ်းဘုံကိုပြောတာ"

"ဪ. . . ဟော မုန့်ဟင်းခါးရောင်းတဲ့ ဂျမ်းဘုံ၊ ဟုတ်တယ် မလား"

"ဟုတ်တယ်"

မှတ်ကြီးက တစ်ချက်စဉ်းစားဟန်လုပ်ပြီး. . .

"အင်း. . . သိရသလောက်တော့ မရှိဘူးဗျ၊ ဘာဖြစ်လို့လဲ၊ ဪ. . . ဦးဆန်းက ဂျမ်းဘုံကို အဟဲ. . . ဟဲ"

မှတ်ကြီးရဲ့ အဓိပ္ပာယ်ပါပါနဲ့ ကြည့်ပြီး ပြောလိုက်တဲ့ စကားဆုံးတော့ ဦးဆန်းက ရှက်ကိုးရှက်ကန်းနဲ့. . .

"အဟိ. . . ဟိ မင်းကလည်း အဟိ. . . ဒါလေးတောင် မသိဘူးလား၊ ငါ. . . ငါ ဂျမ်းဘုံကို ဟိုဒင်း. . ."

"ဟာ. . . ဦးဆန်းကြီးကလည်းဗျာ၊ ကိုယ့်သမီးအရွယ်လေးကို"

"ဘာတဲ့"

ဦးဆန်းက မှတ်ကြီးကို မျက်ထောင့်နီကြီးနှင့် ထအော်၏။ မှတ်ကြီးက ဦးဆန်း စိတ်ဆိုးသွားတာတွေ၍ မျက်နှာချိုလေး





သွေးလိုက်ကာ. . .

"အလကား စတာပါဗျာ၊ ဦးဆန်းနဲ့ဆို အလွန်ဆုံးကွာလှ နှစ်အစိတ်ပေါ့"

ပိုဆိုးသွား၏။ ဦးဆန်းကြီး မျက်နှာရဲတက်လာ၍. . .

"ဟေ့ကောင် မင်းဆိုက်ကားကို အခုရပ်"

"ဘာဖြစ်လို့လဲဗျာ"

"မစီးတော့ဘူး၊ တော်ပြီ. . . မင်းက ငါ့ကို အသက်တွေ ဘာတွေ ခန့်မှန်းရအောင် မင်းက ငါ့အသက်ကို သိလို့လား"

"သိတာပေါ့ဗျ၊ ၃ ရပ်ကွက်ထိပ် ဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော်ဘုရားနဲ့ တစ်နှစ်တည်း မွေးတာဆို၊ ဆရာတော်တောင် ဝါတော် ၃၀ ရှိပြီဆိုတော့ ဦးဆန်းကြီးလည်း အနည်းဆုံးတော့ ငါးဆယ်ကျော်ပြီပေါ့"

ဆိုက်ကားအရပ်တောင် မစောင့်ပေ၊ ဦးဆန်းကြီး ဆိုက်ကားပေါ်မှ ဘုတ်ခနဲ ခုန်ဆင်းသွား၏။ ထို့နောက် စောက်ပ်င်နန်း စောက်ပ်င်နန်းနှင့် လှည့်မကြည့်ဘဲ ထွက်သွားလေတော့သည်။

ဦးဆန်းကြီးကို ကြည့်၍ မှတ်ကြီး အားရပါးရ ရယ်မော ကျန်ခဲ့လေ၏။ မှတ်ကြီး ရယ်သံကြောင့် ဦးဆန်းကြီးက ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ချိုကြည့်လှည့်ကာ ကြည့်သည်။

ထိုအချိန်တွင် လူနှစ်ယောက် ရောက်လာသည်။ ထိုလူနှစ်ယောက်က မှတ်ကြီးကိုကြည့်၍. . .

"မင်း ဟိုတစ်နေ့က ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို တင်နင်းသွားတဲ့ကောင်မလား"

မှတ်ကြီးက ပထမတော့ ကြောင်သွားသည်။ နောက်တော့မှ ညီသုတတို့ကိစ္စကို သတိရသွားကာ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ သို့သော် ဟန်ကိုယ်ဖို့ ဆိုသည့်အတိုင်း ခပ်တည်တည်နှင့်. . .

"ခင်ဗျားတို့ ဘာတွေလာပြောနေတာလဲ၊ ကျုပ်ဆိုက်ကားကို ငှားစီးတဲ့ ကောင်လေးနဲ့ ကောင်မလေးတွေ တစ်ပုံကြီး"

ထိုလူနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ထို့နောက် တစ်ယောက်နဲ့တစ်ယောက် တီးတိုးတီးတိုး ပြောကြသည်။

"ဟိုဆိုက်ကားသမားနှစ်ယောက် ပြောလိုက်တာ ဟုတ်ရောဟုတ်ရဲ့လား"

"သေချာပါတယ်ကွ၊ ဒီကောင်တွေ ဒီခွင်မှာ ဆိုက်ကားနင်းနေတာပဲ မသေချာဘဲ ပြောပါ့မလား"



ဟု တစ်ယောက်က ဝင်ပြောသည်။ ထို့နောက် နှစ်ယောက်စလုံး မှတ်ကြီးဘက် လှည့်ကာ. . .

"မင်း လိမ်မယ်မကြံနဲ့၊ ငါတို့ သတင်းအတိအကျ ရပြီးပြီ၊ ဟိုတစ်နေ့က ဒီလိုအချိန်ပဲ မင်းဆိုက်ကားပေါ်မှာ ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက် ပါသွားတယ်၊ ငါတို့ မင်းဆိုက်ကားနောက် လိုက်တော့ မင်းက ဆိုက်ကားကို နွားနင်းသလို နင်းပြေးသွားတာလေ"

"ဘာဗျ. . . ခင်ဗျားတို့ မိုက်ရိုင်းလှချည်လား"

မှတ်ကြီးက သူ့ကို နွားနှင့်နှိုင်း၍ ဒေါသ ထောင်းခနဲ ထွက်သွား၏။ ထိုလူနှစ်ယောက်ကလည်း မှတ်ကြီးနားသို့ ရွှေ့တစ်လှမ်းတိုးလာကာ. . .

"ရိုင်းတော့ ဘာဖြစ်လဲကွ၊ ငါတို့က ဟုတ်တာမှန်တာကို ပြောတာ၊ မင်း အဲဒီနှစ်ယောက်ကို ဘယ်ကိုပို့ခဲ့လဲ၊ မှန်မှန်ပြောနော်၊ အေး. . . ဝေ့လည်ကြောင်ပတ်လုပ်လို့ကတော့ ငါတို့အကြောင်း ကောင်းကောင်းသိသွားမယ်"

မှတ်ကြီး နည်းနည်းတော့ ဖြုံသွားသည်။ နှစ်ယောက် တစ်ယောက်ဆိုတော့ ပြဿနာဖြစ်ရင် သူခံရမယ်ဆိုတာ သိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ရှေ့က လူနှစ်ယောက်ကလည်း ကျွဲပေါက်လောက်ရှိသည့် ခန္ဓာကိုယ်နှင့်၊ ရုပ်တွေက ရာဇဝင်ကားတွေထဲက အာဏာပါးကွက် သားရုပ်တွေ၊ ထို့ကြောင့် အသံနည်းနည်းတုန်သွားပြီး. . .

"ဟို. . . ဟိုဟာ"

"မှန်မှန်ပြောနော်၊ မှန်မှန်ပြောရင် အသားနာ သက်သာမယ်"

မုတ်ကြီးဘက်က သူတို့ကို ကြောက်သွားမှန်းသိတော့ ထိုလူနှစ်ယောက် ပို၍ကန်းတက်လာ၏၊ မုတ်ကြီးရင်ဘတ်က အင်္ကျီစကို ဆွဲကိုင်၍ မေးသည့်အဆင့်တွေ ဘာတွေအထိ တက်ကာလာ၏၊

မုတ်ကြီးတစ်ကိုယ်လုံး တုန်တက်သွားကာ ဘေးဘီကို တစ်ချက်ကြည့်လိုက်သည်၊ သူနဲ့သိတဲ့လူလေး ဘာလေး ရှိလိုရှိငြား၊ ထိုအချိန်တွင် သူတို့ဖြစ်စဉ်ကို ကြည့်၍ မသွားသေးဘဲ အကဲခတ်နေသော ဦးဆန်းကြီးကို သွားတွေ့၏၊

ထိုအခါ မုတ်ကြီး အကြံတစ်ချက်ရသွားကာ. . .

"လွှတ်. . . လွှတ်စမ်း၊ အဲမယ် ခင်ဗျားတို့က ကျုပ်အင်္ကျီကို ဆွဲလားရမ်းလားနဲ့ ဘာကောင်တွေလဲ၊ ဒီမှာ ကျုပ်ကို ခင်ဗျားတို့က ဘာထင်လဲ"





ဟိုလူနှစ်ယောက်က ရုတ်တရက် ပြောင်းလဲသွားသော မုတ်ကြီး အခြေအနေကြောင့် ကြောင်တောင်တောင်နှင့်. . .

"ဘာ. . . ဘာထင်ရမှာလဲ၊ မင်းက ဆိုက်ကားနင်းတယ်ဆိုတော့ ဆိုက်ကားသမားပေါ့"

ထိုလူတွေ စကားဆုံးတော့ မုတ်ကြီးက မထီတရီကြည့်တာ

"အေး. . . ကျုပ်က ကျုပ်ဆိုက်ကားသမားပေမယ့် ကျုပ်ဦးလေးက လူမိုက်ဗျ"

"ဘာ. . . လူမိုက် ဟုတ်လား၊ ဟား ဟား ဟား. . ."

"ခွိ ခွိ ခွိ. . ."

ထိုလူနှစ်ယောက်က သရော်တော်တော် ရယ်သည်၊ မုတ်ကြီးက ရုပ်တည်နှင့် ဆက်ပြော၏၊

"အေး. . . မကြားဘူးရင် မှတ်ထား၊ သာကေတတစ်ပိုက်မှာ ဓားတစ်ချောင်းနဲ့ သောင်းကျန်းခဲ့တဲ့ မောင်ဆန်းဆိုတာ ကျုပ်ဦးလေး ပဲ"

"ဘာ"

"ခင်ဗျားတို့ ကြားဖူးလား"

"ကြားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူနှစ်ယောက်က အူကြောင်ကြောင်နဲ့ ဖြေသည်။ မှတ်ကြီးက ရှုတ်တရက် ထ၍. . .

"မကြားဘူးရင် ကြည့်ထား၊ အဲဒါ ကျုပ်ဦးလေးပဲ၊ သုံးတွန်း ဖြန်မောင်ဆန်းဆိုတာ သူပဲ"

မှတ်ကြီး လက်ညှိုးထိုးရာသို့ ဟိုလူနှစ်ယောက် အူကြောင်ကြောင်နဲ့ လိုက်ကြည့်သည်။ ထိုအခါ သူတို့ကို လှမ်းကြည့်နေသော ဦးဆန်းကို သွားတွေ့၏။ ဦးဆန်းကလည်း သူ့ကို မှတ်ကြီးအပါအဝင် လူနှစ်ယောက် ခပ်တည်တည်နှင့် လှည့်ကြည့်လိုက်သောကြောင့် ခေါသထွက်သွားကာ ရွတည်တည်နှင့် ပြန်ကြည့်လေသည်။

မွေးရာပါ လူမိုက်ရုပ်ပေါက်နေသည့် ဦးဆန်းရဲ့ ဝိုက်နဲ့ဆိုက် ကြောင့် ထိုလူနှစ်ယောက် မြူကာသွားသည်။ ထို့နောက် တစ်ယောက် နဲ့တစ်ခေါက် ဘယ်လိုလဲဆိုသော အကြည့်နှင့် ကြည့်သည်။ ခဏကြာ တော့ မှတ်ကြီးဘက် လှည့်ကြည့်လိုက်စဉ်. . .

"ဟင်"

သူတို့နှစ်ယောက်ရှေ့တွင် မှတ်ကြီး မရှိတော့၊ ဘယ်အချိန် တတည်းက လစ်သွားသည်မသိ။

"တောက်"



"တောက်"

နှစ်ယောက်စလုံး ပြိုင်တူ တောက်ခေါက်လိုက်ကြ၏။ ထို့နောက် ဦးဆန်းကြီးဘက် လှည့်ကြည့်တာ. . .

"နေနှင့်ဦးပေါ့ကွာ"

ဟုပြောကာ ထိုနေရာမှ ထွက်သွားလိုက်ပါတော့သည်။ ဦးဆန်းကြီးကတော့ အခြေအနေကို ဘာမှန်းညာမှန်းမသိ၍. . .

"တော်တော်ရှုပ်တဲ့ကောင်တွေ"

ဟုပြောကာ သူသွားရမယ့် ကိစ္စအတိုင်း ဆက်လက်ထွက် သွားပါတော့၏။

မှတ်ကြီးကတော့ ဆိုက်ကားကို ဖုံးပျံအင်ဂျင်တပ်ထားသလို နင်းကာ သူ့အိမ်သို့ သုတ်ခြေတင်ရပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



**မှုတ်**ကြီး သူ့အိမ်ရှေ့သို့ရောက်တော့ ဆိုက်ကားကိုပင် အရှိန်မသတ်နိုင်ဘဲ ခုန်ဆင်းလိုက်၏၊ ဆိုက်ကားက အရှိန်နှင့် ဆက်ထွက်သွားတာ အိမ်နံရံကို တိုက်၍ ရပ်ကာသွား၏၊ မှုတ်ကြီး အမောတကော အိမ်ပေါ်ပြေးတက်သွားလိုက်ကာ. . .

"ပြဿနာတွေတော့တက်ပြီ ဟေ့ကောင်တွေ၊ ပြဿနာတွေတော့ တက်ပြီဟ"

အိမ်ရှေ့ခန်းမှာ ဖျာလေးခင်းပြီး အေးအေးလူလူ ထိုင်နေသော ညီသုတတို့စုံတွဲက ရုတ်တရက် လှမ်းကြည့်လိုက်ကာ. . .



"ဘာ. . . ဘာတွေဖြစ်လာလို့လဲ အစ်ကို"

ညီသုတအမေးကို မှုတ်ကြီးက အမောတစ်ချက်ဖြေရင်း. . .

"ဘာဖြစ်လာရမှာလဲကွ၊ မင်း. . . မင်းတို့ကောင်တွေ လိုက်လာလို့ပေါ့"

"ဟင်. . . ဘယ်. . . ဘယ်က. . . ဘယ်ကောင်တွေလဲ"

ညီသုတက မျက်လုံးပြူး မျက်ဆံပြူးနှင့် မေး၏၊ မှုတ်ကြီးက

"ဘယ်ကောင်တွေ ရှိရမှာလဲ၊ ဟိုတစ်နေ့က မင်းတို့နောက်လိုက်လာတဲ့ ကောင်တွေပေါ့"

မှုတ်ကြီးစကားအဆုံးတွင် ညီသုတ ဖျာယာခတ်သွား၍. . .

"ဟာ. . . အဲ. . . အဲဒါဆို ဘယ်လိုလုပ်မလဲ အစ်ကို"

"ဒုက္ခပါပဲ အဖေ့လူယုံတွေထင်တယ်၊ အဲဒါဆို ဒုက္ခပဲ"

"ကဲ. . . အခုမှ ဒုက္ခတမနေနဲ့၊ ငါတောင် ညာဏ်နီဉာဏ်နက်တွေသုံးပြီး မနည်းထွက်ပြေးလာရတယ်၊ မင်းတို့ အခုလောလောဆယ် ပုန်းနေရင်ကောင်းမယ်"

"ဘယ်မှာပုန်းရမှာလဲ"

မှုတ်ကြီးက သူ့အိမ်ထဲကို မျက်စိဝေ့ကြည့်လိုက်၏၊ ပြောမယ့်သာပြောရတာ သူ့အိမ်ထဲတွင် သူနေသော အခန်းတစ်ခန်းနှင့်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ပစ္စယ တိုတိုထွာထွာလေးတွေ ထည့်ထားသော အခန်းလွတ်တစ်ခန်း အပြင် ပုန်းစရာနေရာ ကောင်းကောင်းဆိုလို့ ဘာမှမရှိ။ ယခုလွတ်နေသော အခန်းကို ညီသုတတို့အတွက် ပေးထားသည်။

"ကဲ ငါ့အိမ်ကတော့ မင်းတို့တွေ့တဲ့အတိုင်းပဲ ပုန်းစရာနေရာဆိုလို့ ငါ့အခန်းနဲ့ မင်းတို့ အခုနေနေတဲ့ အခန်းပဲရှိတယ်၊ ဒီတော့ မင်းတို့နေတဲ့ အခန်းထဲသာ ဝင်ပုန်းနေကွာ၊ အပြင်တော့ လုံးဝထွက်မလာနဲ့နော်၊ ဒီကောင်တွေ ငါ့အိမ်ထဲအထိ လာပြီး နှောင့်ယှက်ရဲမယ်မထင်ပါဘူး"

ညီသုတနှင့် ယွန်းယွန်းက ထရပ်လိုက်သည်။ ထို့နောက် 'ဟုတ်ကဲ့'ဟုပြောပြီး အခန်းထဲသို့ ပြေးဝင်မလို့လုပ်၏။ မှတ်ကြီးက သူတို့ကို လှမ်းတားလိုက်၍. . .

"နေဦး မင်းတို့ အပြင်မှာချွတ်ထားတဲ့ ဖိနပ်တွေပါ ယူသွားဦး၊ တော်ကြာ အိမ်ရှေ့က လှမ်းကြည့်လို့ မင်းတို့ဖိနပ်တွေ တွေ့သွားရင် ငါ ပြောရဆိုရ ပိုကြပ်သွားမယ်"

ညီသုတနဲ့ ယွန်းယွန်းက ခေါင်းညိတ်၍ အိမ်ရှေ့က လှေကားထစ်မှာ ချွတ်ထားသော သူတို့ဖိနပ်တွေကို ပြေးယူသည်။ ထို့နောက် သူတို့အတွက် လုပ်ထားသော အခန်းထဲသို့ ပြေးဝင်သွားပါတော့၏။

ဦး၊ မို၊ ၈၁၄၆



သူတို့ဝင်သွားတော့ မှတ်ကြီး ပြတင်းပေါက်နားသွားထိုင်၍ ဝတ်ဝန်းကျင်သို့ လှမ်းလာလိုက်သည်။ ပတ်ဝန်းကျင်ကတော့ ဗိုလ်နေမြဲ ကျားနေမြဲအတိုင်း ခါတိုင်းနေ့တွေလိုပင် လှုပ်ရှားလျက်ရှိ၏။ သူ့နောက်ကို နောက်ယောင်ခံလိုက်လာသော အရိပ်အယောင်မျိုး လုံးဝမတွေ့ရ။

မှတ်ကြီး ပထမအဆင့်အနေနဲ့ စိတ်အေးသွားကာ သက်ပြင်းချလိုက်ပါတော့သည်။

သူ့ဘဝကလည်း မငြိမ်းချမ်းလှပေ။ အခုမှ ကိုယ့်ထမင်း ကိုယ်စားပြီး ကျီးလန့်စာစား ဖြစ်နေရ၏။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲဟု မှတ်ကြီး တွေးလိုက်ပါတော့၏။ သို့သော် သူများအကျိုးဆောင်လျှင် ကိုယ့်အကျိုးအောင်သည်ဟု ကြားဖူးထားသည်။

ဒီလိုဆိုလျှင်တော့ မဆိုးလှ။ သူနဲ့အေးမိအဖြစ်က အဆင်ပြေလာနိုင်စရာအကြောင်းရှိသည်။

◆ ◆ ◆

ဦး၊ မို၊ ၈၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ဦး ဆန်းကြီး လေကလေး တချွန်ချွန်နဲ့ အေးအေးလူလူ လမ်းလျှောက်လာ၏။ သူ့စိတ်ထဲမှာလည်း တော်တော်ပျော်နေသည်။ ဆုံးပြီလို့ထင်ထားတဲ့ အကြွေးတွေ တစ်ခါတည်းရခဲ့၍ စိတ်ထဲမှာ တော်တော်ပျော်နေသည်။

ထို့အပြင် ဂျမ်းဘုံလေးအတွက် နှုတ်ခမ်းနီတောင့်လေး နှစ်တောင့်လောက် ဝယ်ပေးဦးမည်ဟု တွေးလာသည်။

ပါးစပ်ကလည်း လေကလေးချွန်ရင်း အချစ်နဲ့ပတ်သက်တဲ့ သီချင်းလေး တစ်ပိုင်းတစ်စ ရွတ်လာလိုက်သည်။



"အရည်တွေပျော်ကုန်ပြီ××× ဆန်းရဲ့နှလုံးသားတွေ၊ ဂျမ်းရဲ့ အကြင်နာတွေ××× ရိုးသားချင်တာတွေ××× ရည်ရွယ်တာတွေ အားလုံး ××× ဆန်းရဲ့စည်းစိမ်အားလုံး×××"

"ဟေ့ကောင် ရပ်စမ်း"

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် ဦးဆန်းကြီး သီချင်းဆိုရင်း တန်းလန်းရပ်ကာသွား၏။ ထို့နောက် ဘေးပတ်ဝန်းကျင် လှည့်ကြည့်လိုက်တော့ လူလေးယောက် သူ့ကို ဝိုင်းထားတာ တွေ့လိုက်ရသည်၊ ဦးဆန်းကြီး ကြောင်တောင်တောင်နဲ့ ထိုလူတွေ မျက်နှာကို ဝေးကြည့်နေစဉ် နှစ်ယောက်လောက်ကို သူမြင်ဖူးသလို ရှိသည်။ သေချာပြန်စဉ်းစားလိုက်တော့မှ ခုန မှတ်ကြီးနဲ့အတူ စကားပြောရင်း သူ့ကို လှမ်းကြည့်နေသော လူတွေပဲဟု သိလိုက်ရ၏။

ထိုလေးယောက်ထဲမှ သူမမြင်ဘူးသော နှစ်ယောက်က. . .

"မင်းတို့ပြောတာ ဒီဘဲလား"

ကျန်တဲ့နှစ်ယောက်က ခေါင်းညိတ်ပြ၏။ ထိုနှစ်ယောက်တာ ဦးဆန်းကို ပြန်ကြည့်၍. . .

"သာကေတက မောင်ဆန်းဆိုတာ မင်းလား"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုတော့ ဦးဆန်းကြီး ပြူးကြောင်ကြောင်ကြီး ဖြစ်သွားသည်၊ သူ့ကို ဘာမေးလို့ မေးလိုက်မှန်းမသိ၍ ပြန်မေးလိုက်၏၊

"ခ. . . ခ. . . ခင်ဗျားတို့ ဘာပြောလိုက်တာလဲဟင်"

"ဟာ. . . ခင်ဗျား နားလေးနေလား၊ သာကေတက မောင်ဆန်းဆိုတာ ခင်ဗျားလားလို့"

ဦးဆန်းကြီးတ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့်

"မဟုတ်. . . မဟုတ်. . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဒေါပုံသားပါ"

ဦးဆန်းကြီးက သူ့မွေးရပ်မြေကို စိတ်ထဲစွဲစွာ ပြောလိုက်မိသည်၊ ဒါကို ဟိုလူလေးယောက်က. . .

"ဒေါပုံဆိုလည်း သာကေတနဲ့ နီးတာပဲ၊ ဒါကြောင့် ခင်ဗျားက သာကေတမှာ လာသောင်းကျန်းနေတာပေါ့ ဟုတ်လား"

ဦးဆန်းကြီး အူကြောင်ကြောင်နှင့် သူ့ရှေ့က လူလေးယောက်ကို ကြည့်သည်၊ အခုထိ ထိုလူလေးယောက် သူ့ကို ဘာတွေလာပြောနေမှန်း သူမသိ၊ သူသိတာ တစ်ခုတော့ရှိသည်၊ ထိုလူလေးယောက်သည် သူ့ကို ပြဿနာရှာချင်တဲ့ပုံတွေ ဖြစ်နေ၏၊





လေးယောက်စလုံးကလည်း အာနိုးလက်သစ်တွေလားမသိဝေ၊ လက်မောင်းတြွတ်သား တစ်လုံးတစ်လုံးတို့ ကျွဲကောသီးလောက် ရှိသည်၊

"ဒီမှာ ခင်ဗျားဟာခင်ဗျား သာကေတက မောင်ဆန်းပဲဖြစ်ဖြစ်၊ ဒေါပုံက မောင်ဆန်းပဲဖြစ်ဖြစ် ကျုပ်တို့ ဂရုမစိုက်ဘူး၊ ကျုပ်တို့ ကိစ္စတို ဝင်ရှုပ်ရင်တော့ သာကေတတွေ ဒေါပုံတွေ မသိဘူး၊ ရှင်းဝစ်ရမှာပဲ"

"ခ. . . ခ. . . ခင်ဗျား. . . ခင်ဗျားတို့ ဘာ. . . ဘာ. . . ဘာတွေပြော. . ."

"တိတ်. . . ဆက်မပြောနဲ့၊ နောက်တစ်ခု ပြောစရာရှိသေးတယ်၊ ခင်ဗျားဟာခင်ဗျား သုံးကျွန်းမြန်မတလို့ ကျွန်းသုံးဆယ်ပဲမြန်မြန် ကျုပ်တို့ ဂရုမစိုက်ဘူး"

"အလို"

ဦးဆန်းကြီး တဖုံ့တညြဖြစ်သွား၏၊ ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိပေ၊ သူ့ဘဝတွင် နလုံးလမ်းကြောင်း၌ ကျွန်းခံနေတာတလွဲ၍ ချောင်းသာက သဲမြူကျွန်းတောင် ရောက်ဖူးတာမဟုတ်၊

"ဒီမှာ မောင်ဆန်း"

www.burmeseclassic.com



"ခင်ညာ"

"ခင်ဗျား ကျုပ်တို့ကို သိလား"

"ဟင့်အင်း. . . တိဘူး"

"အေး. . . မသိရင်မှတ်ထား၊ ကျုပ်က ယက္ခ၊ သူက ဒေဝ၊ ဟိုဘက်ကတစ်ယောက်က ဗလ၊ ဒီကောင်က ဝဏ္ဏတဲ့"

"ဟုတ်. . . ဟုတ်. . . ဟုတ်ကဲ့၊ ခင်ဗျားတို့က ဘာတွေလဲ ဟင်"

"ဘာတွေရမှာလဲ၊ ကျုပ်တို့က ဦးဥက္ကာရဲ့ လူယုံတွေပဲ"

'ဦးဥက္ကာ၊ ဦးဥက္ကာ' ဦးဆန်းကြီး စိတ်ထဲမှာ ရေရွတ်လိုက်၏၊ ဒီနာမည် သူ့အသိထဲမှာ မရှိ၍ ဇဝေဇဝါဖြစ်နေသည်။

ထိုလူလေးယောက်က ဆက်ပြောသည်။

"ခင်ဗျားတူကိုလည်း ပြောလိုက်၊ ကျုပ်တို့လိုချင်နေတဲ့ စုံတွဲကို ဘယ်ကိုပို့ခဲ့လဲလို့၊ ဒါမှမဟုတ် ဘယ်မှာသွားထားလဲလို့"

ဦးဆန်းကြီး မျက်လုံးလေး လည်တယ်လည်တယ်နဲ့ ကြည့်နေဆဲ။

ဒါကို ဟိုလူလေးယောက်က သူတို့ကို ပမာမခန့်လုပ်သည် ထင်၍. . .





"ခင်ဗျားက ကျုပ်တို့ကို အဖက်မလုပ်တဲ့သဘောပေါ့ ဟုတ်လား"

ဦးဆန်းကြီး ပါးစပ်က ဟောင်းလောင်းလေး ပွင့်သွား၏၊ ဒါကို ဟိုလူလေးယောက်က သူတို့ကို ပြောင်ပြသည်ထင်၍. . .

"ခင်ဗျားက ပညာစမ်းချင်တဲ့သဘောပေါ့ ဟုတ်လား၊ ရတယ်လေ ခင်ဗျားကလည်း လူမိုက်ဆိုတော့ ဇကလေးတော့ ပြချင်ရှိမှာပေါ့"

ဦးဆန်းကြီး မျက်တောင်လေးက ပုတ်ခတ် ပုတ်ခတ်၊ .

"ကဲ. . . ဒေဝ၊ မင်း ဒီလိုပြိုင်ဘက်မျိုးကို ရှာနေတာမလား"

"ဟုတ်တယ် ယက္ခကြီး၊ ဒါမျိုးမှ ငါက ဝမ်းဝမ်းဆွဲချင်တာ"

ဒေဝဆိုတဲ့ကောင်ကြီး ရှေ့တစ်လှမ်းတိုးလိုက်သည်၊ ဦးဆန်းကြီးက လန့်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်ရှောင်လိုက်၏၊ ဒါကို ဒေဝက ဦးဆန်းကြီး သူ့ကို တိုက်ခိုက်ဖို့ အသင့်ပြင်သည်ထင်၍. . .

"ယား. . . ယစ်. . ."

ညာသံပေးကာ ညာခြေထောက်တစ်ဖက် လေထဲမှာ ဝဲခနဲ ဖြစ်သွားလေသည်၊

"ဖောင်း"



www.burmeseclassic.com

www.burmeseclassic.com



အသံကို ကြားလိုက်တာနှင့် ဘယ်လောက်အားပါသည်ဆိုတာ သိသာသည်။

"အွန့်"

ခပ်အုပ်အုပ်အသံတစ်ချက်သာ ဦးဆန်းကြီးဆီက ထွက်နိုင်သည်။

ခဏကြာတော့ လူက လမ်းပေါ်မှာ ကားယားကြီး။

ထိုလူလေးယောက် ကြောင်တောင်တောင်နှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ. . .

"ဟေ့လူ. . . ဟာ သွားပြီ၊ ဟေ့လူ. . . ဟေ့လူ"

ဦးဆန်းကြီး ဘယ်လိုမှ ခေါ်လို့မရတော့။ လုံးလုံးကြီး သတိမေ့သွားပါတော့သည်။

ထိုလူလေးယောက်ကလည်း မတိုင်ပင်ဘဲ ထိုနေရာမှ ပြေးထွက်သွားပါတော့၏။

ပတ်ဝန်းကျင်က ရုတ်ချည်း တိတ်ဆိတ်ကာသွားသည်။

လူသူမရှိ လမ်းမကြီးပေါ်တွင် ဦးဆန်းကြီးတစ်ယောက်တည်း မှောက်လျက်ကြီး။

◆ ◆ ◆





ဦး ဆန်းကြီး အရိုက်ခံရသည်ဆိုသော သတင်းတတစ်ရပ်ကွက်လုံး ဟိုးဟိုးကျော်သွားသည်။ တချို့ကလည်း ဗုံ့ဩကြ၏၊ တချို့က သနားကြသည်။ ခပ်အေးအေးနေတတ်သော ဦးဆန်းလို လူမျိုးကို ဘယ်သူကများ ရိုက်သွားသလဲဆိုပြီး စိတ်ဝင်စားကြ၏။

တချို့ကတော့. . .

"ဒီလူကြီး ကုတ်ကမြင်းထင်တယ်၊ လူရှေ့သူရှေ့မှာတော့ သူမဟုတ်သလိုလိုနဲ့၊ နောက်ကွယ်မှာ ရှုပ်ထားတဲ့ ဇာတ်ထုပ်တွေကြောင့် ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်၊ သူကြည့်ရတာ လူပျိုကြီး လူပျိုကြီးဆိုပြီး ရှေ့နေပျိုနေပေမယ့် နောက်ကွယ် အိုချင် အိုနေမှာ"

"သူတပည့် မောင်ကြည်ဆိုတဲ့ ငနဲကိုပဲ ကြည့်ပါလား၊ မျက်လုံးကိုက မျက်ပေတုံးနဲ့ ကောင်မလေးတွေများ တွေ့လိုက်ရင် ပြည်သူ့ရင်ပြင်က ရဟတ်ကတောင် အရှုံးပေးရမယ်၊ ချာလည်ကို လည်နေတာ"

"သူတို့ ဆရာတပည့်တွေ အတူတူပါပဲဗျာ၊ ဘယ်တော့ သူ့တပည့် မောင်ကြည်အလှည့်လာမလဲ မသိဘူး"

ဟု ထိုသို့ ထောမနာပြုသည်။ ဘာပဲဖြစ်ဖြစ် ဦးဆန်းကြီး တစ်ရပ်ကွက်လုံးကတော့ စိတ်ဝင်တစားဖြစ်နေကြသည်။

ဦးဆန်းကြီးက သူ အသားလွှတ်အတွယ်ခံရသော ကိစ္စအတွက် ရပ်ကွက်ရုံးသို့ ရောက်တော့. . .

"ရပ်ကွက်လူကြီးတို့ပဲ စဉ်းစားကြည့်ပါဗျာ၊ ကျွန်တော့် ဘာသာကျွန်တော် အကြွေးတောင်းပြီး ပြန်လာတာ၊ သူတို့နဲ့လည်း ကျွန်တော်သိတာမဟုတ်ဘူး၊ အဲဒါ ကျွန်တော့်ကို သူတို့ အသားလွှတ် လုပ်လွှတ်တာ"

ရပ်ကွက်လူကြီးတွေက ဘယ်ဘက်ပါးတစ်ခုလုံး ယောင်ကိုင်း ကာ ဖူးထနေသော ဦးဆန်းကြီးမျက်နှာကို ကြည့်၍ စိတ်မသက်မသာ နှင့် သက်ပြင်းချကြ၏။ ဦးဆန်းကြီးခမျာ တော်တော်လည်း ခံစား သွားရရှာပါသည်။ ဘယ်ဘက်အံဆုံးရှေ့က အံသွားနှစ်ချောင်း ယိုင်ကာသွား၏။ သူကိုယ်သူ ရုပ်ရှင်မင်းသား ပြေတီဦးနှင့် တူသည် ဆိုပြီး အမြဲဂုဏ်ယူလေ့ရှိသော သွားစွယ်တစ်ချောင်း ကျွတ်ထွက်သွား ၏။ ထို့ကြောင့် ဘယ်ဘက်ပါးတစ်ခြမ်းလုံးမှာ ခရမ်းသီးဖုတ်ကို တူနှင့် ထုထားသလို ရစရာမရှိတော့။

"ခင်ဗျားကို သူတို့က ဘာအရင်စပြောလဲ"

ရပ်ကွက်ဥက္ကဋ္ဌက မေး၏။ ဦးဆန်းကြီးက. . .

"ကျွန်တော့်ကို သူတို့က သာကေတက မောင်ဆန်းလားလို့ မေးတယ်"

"အဲဒီတော့"

ဥက္ကဋ္ဌက စကားထောက်၍ ဦးဆန်းက. . .

"ကျွန်တော်မှ သာကေတက မဟုတ်တာ၊ မဟုတ်ဘူးလို့ ဖြေတာပေါ့၊ ပြီးတော့ ကျွန်တော့်ဇာတိ ဒေါပုံကလို့ ဆိုလိုက်ရော သူတို့က သာကေတနဲ့ ဒေါပုံ နီးတယ်ဆိုပြီး တွယ်ပါလေရောဗျာ"

ရပ်ကွက်လူကြီးတွေကလည်း ဘာပြောလို့ ပြောရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြလေသည်။ ဦးဆန်းကြီးက တစ်ခုခုကို သတိရသွားဟန်နှင့် ဆက်ပြော၏။

"အဲ. . . ကျွန်တော့်ကို ပြောသေးတယ်ဗျ၊ သုံးကျွန်းပြန်မက လို့ ကျွန်းသုံးဆယ်ပြန်ပြန်ဆိုလားပဲ"

"ဘာကျွန်းလဲဗျ"

"သိဘူးလေ၊ ကျွန်တော်လည်း ဘယ်ကျွန်းမှ မရောက်ဖူး တာ"

ရပ်ကွက်လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ သက်ပြင်းချကြသည်။ ထိုအထဲမှ တစ်ယောက်က. . .

"အဲဒီလူတွေကို ခင်ဗျားမှတ်မိလား"

ဦးဆန်းကြီးက တစ်ချက်စဉ်းစား၏။ ပြီးတော့မှ. . .

"လေးယောက်လုံးကတော့ လူမိုက်ရုပ်တွေဗျ၊ အဲ. . . အဲ အခုမှသတိရတယ်၊ အဲဒီထဲက နှစ်ယောက်ကို ကျွန်တော်သိတယ်"

ရပ်ကွက်လူကြီးတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထို့နောက် ဥက္ကဋ္ဌဖြစ်သူက. . .

"ဘယ်. . . ဘယ်သူလဲ၊ ဘယ်ကကောင်လဲ"

"ဘယ်ကကောင်လဲတော့ ကျွန်တော်မသိဘူး၊ အဲဒီ





နှစ်ကောင်ကတော့ ကျွန်တော်နဲ့ မတွေ့ခင် မှတ်ကြီးနဲ့ စကားပြောနေ တာ တွေ့တယ်"

"ဘယ်လို. . . မှတ်ကြီး ဟုတ်လား"

"ဟုတ်တယ်၊ ဆိုက်ကားနင်းတဲ့ မှတ်ကြီး၊ တောက်. . . ဒီကောင် ကျွန်တော့်ကိုများ လုပ်ကြတာလား မသိဘူး"

ဥက္ကဋ္ဌက နဝေတိမ်တောင် ဖြစ်သွားကာ. . .

"မှတ်ကြီးနဲ့ ခင်ဗျားနဲ့က ရန်ငြိုးရှိလို့လား"

အဲဒီအခါကျတော့ ဦးဆန်းကြီးက ခေါင်းခါလိုက်သည်။ ပြီးနောက်. . .

"ရန်ငြိုးတော့ မရှိပါဘူး၊ ဒါပေမယ့် အဲဒီကောင်တွေနဲ့ မှတ်ကြီး စကားပြောနေတုန်းက ကျွန်တော်က သူတို့နဲ့ ခပ်လှမ်းလှမ်း မှာရှိတယ်၊ မှတ်ကြီးက အဲဒီလူတွေကို ကျွန်တော့်ဆီ လက်ညှိုးထိုးပြ တာ တွေ့တာပဲ"

"ဟေ. . . ဟုတ်လား"

"ဟုတ်တယ်"

ရပ်ကွက်လူကြီးတွေ ခေါင်းချင်းဆိုင်သွားကြသည်၊ ခဏကြာ တော့ ရုံးကကောင်လေးတစ်ယောက်ကို. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကိုကြီး သွားစမ်း မှတ်ကြီး သွားခေါ်စမ်း"

"ဟုတ်ကဲ့"

ရုံးခန်းထောင့် ထိုင်ခုံလေးတစ်လုံးမှာ ထိုင်နေတဲ့ ချာတိတ်လေးတစ်ယောက် ပြေးထွက်ကာ သွားပါသည်။

ဦးဆန်းကြီးနှင့် ရပ်ကွက်လူကြီးတို့က စကားပြောကာ ကျန်ခဲ့လေတော့၏။ ဦးဆန်းကြီးကတော့ ကြိတ်မနိုင် ခဲမရနှင့် တောက်တခေါက်ခေါက်။

◆ ◆ ◆



ဘုန်း ကြီးအမူ ရှာပတ်လေပြီ။ ဇာတ်လမ်းက ရှင်းလေရှုပ်လေ ဖြစ်လာ၏။

မှတ်ကြီးက သူ့အိမ်မှာ ကျီးလန့်စာစားနှင့် တောင်ကြည့်မြောက်ကြည့်ဖြစ်နေစဉ် ရပ်ကွက်ရုံးက ခေါ်ခိုင်းသည်ဆို၍ အူကြောင်ကြောင်နှင့် ပါလာ၏။ နောက်တော့ ညီသုတတို့ကိစ္စနဲ့များ ပတ်သက်နေမလားဆိုပြီး ရင်တထိတ်ထိတ် ဖြစ်သွားသေး၏။

သို့သော် ရပ်ကွက်ရုံးရောက်တော့ သူထင်သလို မဟုတ်၊ ရပ်ကွက်လူကြီးများရှေ့တွင် စစ်ဘေးဒုက္ခသည်ရုပ်နှင့် ထိုင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဦးဆန်းကို တွေ့လိုက်ရလေသည်။ တစ်ကိုယ်လုံးလည်း ရစရာမရှိ၊ မျက်နှာတစ်ခုလုံးလည်း ဖူးယောင်ကာနေတော့ မှတ်ကြီး ကြောင်တောင်တောင်ဖြစ်သွား၏။

မနက်က အကောင်း၊ အခု ဘယ်လိုဖြစ်သွားပါလိမ့်ဟု မှတ်ကြီး တွေးနေစဉ် ဥက္ကဋ္ဌက. . .

"မှတ်ကြီး ထိုင်၊ မင်းကို ခေါ်လိုက်ရတဲ့အကြောင်းက မေးစရာရှိလို့"

မှတ်ကြီးက 'ဟုတ်ကဲ့'ဟုပြော၍ ခုံတစ်လုံးမှာ ဝင်ထိုင်တော့

"မင်းနဲ့ ကိုမောင်ဆန်းတို့ မနက်က တွေ့ကြတယ်ဆို ဟုတ်လား"

မှတ်ကြီးက ဦးဆန်းကြီးကို တစ်ချက်လှည့်ကြည့်၍. . .

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲခင်ဗျ"

ဥက္ကဋ္ဌက ဦးဆန်းကြီးဘက် တစ်ချက် မေးငေါ့ပြလိုက်ကာ

"မင်းမြင်တဲ့အတိုင်းပဲ၊ ကိုမောင်ဆန်း နေ့လယ်က အရိုက်ခံရလို့၊ သူ့ကိုရန်ရှာသွားတဲ့ လူတွေထဲက နှစ်ယောက်က မင်းနဲ့သိတယ်လို့ ပြောတယ်၊ အဲဒါ ဟုတ်လား"

"ဗျာ"



မှတ်ကြီး မျက်လုံး ချက်ချင်းပြူးသွား၏။

ပြီးတော့ ကပျာကယာနှင့်. . .

"မဟုတ်. . . မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်အသိထဲမှာ ဒါမျိုးလုပ်တတ်တဲ့လူ တစ်ယောက်မှ မရှိပါဘူး"

"အေး. . . ဒါပေမယ့် ကာယကံရှင်ကိုယ်တိုင်က ပြောတော့ တို့ကလည်း တာဝန်အရ စစ်ဆေးရမယ့် ကိစ္စရှိတယ်လေ"

"ဒါ. . . ဒါနဲ့ ဦးဆန်းက ဘယ်လိုဖြစ်ပြီး"

ဥက္ကဋ္ဌက ခေါင်းညိတ်ပြသည်။

ပြီးနောက် မှတ်ကြီးအား အကြောင်းစုံ ရှင်းကာပြ၏။ ထိုတော့မှ မှတ်ကြီး ဇာတ်ရည်လည်သွားကာ ဖြစ်ကြောင်းကုန်စင်ကို သဘောပေါက်လိုက်ပါတော့၏။

ပြဿနာက သူနဲ့ တိုက်ရိုက်မပတ်သက်သော်လည်း သူကြောက်ကြောက်လန့်လန့်နဲ့ လျှောက်ပြောလိုက်တဲ့ စကားကြောင့် ဗြားက ဦးဆန်း ခံလိုက်ရသည့်ကိစ္စဖြစ်နေ၏။ သို့သော် အကြောင်းစုံ ရှင်းပြလို့လည်း မဖြစ်၍ မှတ်ကြီးက ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားရလေသည်။

ရပ်ကွက်လူကြီးတစ်ယောက်က သူ့ကိုမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ မောင်ရင် ဘယ်လိုရှင်းမလဲ၊ ကိုမောင်ဆန်းကို ရိုက်သွားတဲ့ လူနှစ်ယောက်က မောင်ရင်နဲ့ ဘယ်လိုပတ်သက်လဲ"

မှတ်ကြီး တခဏချင်း အကြံထုတ်လိုက်သည်။

အခုချိန်မှာ သူ့အနေနှင့် ရှုပ်လည်းလျှောက်သာ၊ မှားလည်း စွဲသာ စကားမျိုးပြောမှ သင့်တော်ပေလိမ့်မည်။ အကြောင်းစုံကို ပြောပြန်ရင်လည်း ဇုက္ခရောက်သွားမည်။ လုံးဝဖုံးကွယ်ထားပြန်လျှင် လည်း သူလိမ်ပြောရာကျပေလိမ့်မည်။

ထို့ကြောင့် လတ်တလော ပေါ်လာသော အတွေးအပေါ် အခြေခံ၍. . .

"ဒီလိုပါ၊ အဲဒီလူနှစ်ယောက်က ကျွန်တော်နဲ့ ဘာမှမပတ် သက်ပါဘူး၊ သူတို့က ကျွန်တော့်ဆိုက်ကားကို ငှားစီးမလို့ ဈေးမေးရင်း မချေမငံဖြစ်လာတာနဲ့ ကျွန်တော်နဲ့ စကားထများပါတယ်၊ အဲဒီအချိန် မှာ ကျွန်တော်က တစ်ယောက် သူတို့က နှစ်ယောက်ဆိုတော့ အခြေ အနေမကောင်းတာနဲ့ ဦးဆန်းကို လက်ညှိုးထိုးပြပြီး ကျွန်တော့်ဦးလေး ရှိတယ်လို့ ပြောလိုက်ရတာပါ"

"ဒီလောက်လေး လက်ညှိုးထိုးပြတာလောက်နဲ့ ဒီလိုမျိုးအထိ ဖြစ်လာလိမ့်မယ်မထင်ဘူး၊ မှတ်ကြီး မှန်မှန်ပြော၊ မင်း အဲဒီ





နှစ်ယောက်ကို ဘာသွားပြောလဲ"

ဥက္ကဋ္ဌ၏အမေးကို မှတ်ကြီးက ခေါင်းငုံ့စွာနှင့်. . .

"ကျွန်တော့်ဦးလေးက သာကေတက လူမိုက်လို့၊ ခင်. . . ခင်. . ခင်ဗျားတို့ သတ္တိရှိရင် သူနဲ့သွားချလို့ ပြောလိုက်တာပါ၊ ပြီးတော့ သူတို့ကို ယုံကြည်သွားအောင်လို့ သာကေတက သုံးကျွန်းမြန် မောင်ဆန်းဆိုတာ သူပဲလို့ ပြောလွှတ်လိုက်တာ"

"ဟေ"

ဒီတစ်ခါ မျက်လုံးပြူးသွားရသူက ဦးဆန်းပင်။ ထို့နောက် ဦးဆန်းကြီးက စိတ်ဆိုးမာန်ဆိုးနှင့် ဝုန်းခနဲ ထရပ်ပြီး. . .

"မင်း. . . မင်း တော်တော်မိုက်ရိုင်းလှချည်လား"

"ကျွန်. . . ကျွန်. . . ကျွန်တော်လည်း ကြောက်ကြောက် လန့်လန့်နဲ့ ပြောမိပြောရာ ပြောလိုက်မိတာပါ ဦးဆန်းရယ်၊ ဦးဆန်း မကျေနပ်ဘူးဆိုလည်း ကျွန်တော့်ကို ပြန်ထိုးပါဗျာ"

"ဟေ့ကောင်. . . မင်းကို ငါထိုးရအောင် လူမိုက်မဟုတ်ဘူး ကွ"

"သိပါတယ် ဦးဆန်းရယ်၊ ဦးဆန်းက သူတော်ကောင်းကြီး ဆိုတာ ကျွန်တော်သိပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူတော်ကောင်းကြီးလို့ ပြော၍ ဦးဆန်းမျက်နှာ ဒေါသမာန် နည်းနည်းပြေကာသွား၏။

သို့သော် မကျေနပ်ချက်က စိတ်ထဲမှာ ရှိနေသေး၍. . .

"ငါလို သူတော်ကောင်းကို မင်းစော်ကားတဲ့အတွက် တစ်နေ့ ဒုက္ခလှလှတွေ့မယ်"

"ဟုတ်ပါတယ် ဦးဆန်းရယ်၊ ကျွန်တော်လည်း နားလည်ပါတယ်ဗျာ"

မှတ်ကြီးက တွင်တွင်တောင်းပန်လေသည်။ ဦးဆန်းနဲ့ မှတ်ကြီးတို့ကို ကြည့်၍ ရပ်ကွက်လူကြီးတွေ ပြုံးစိစိ ဖြစ်သွားကြ၏။

ထို့နောက် ဥက္ကဋ္ဌက. . .

"မှတ်ကြီး အဲဒီလူနှစ်ယောက်က ဘယ်မှာနေတာလဲ"

"ကျွန်တော်မသိဘူးဗျ"

ဥက္ကဋ္ဌက ဦးဆန်းဘက် ကြည့်၍. . .

"ကိုမောင်ဆန်း ဒီကိစ္စကို ခင်ဗျား ဘယ်လိုလုပ်ချင်လဲ၊ အမှုဖွင့်မလား"

ဦးဆန်း တစ်ချက်စဉ်းစားလိုက်သည်။ ခဏကြာတော့မှ. .





"တော်ပါပြီဗျာ၊ ပြီးခဲ့တာလည်း ပြီးပါစေတော့၊ ကျွန်တော့်လို လူကြီးလူကောင်းတစ်ယောက်အနေနဲ့ သူတစ်ပါး စိတ်ဆင်းရဲရတာ မလိုလားပါဘူး၊ ဒါပေမယ့် မှတ်ကြီးကိုတော့ တစ်ခုသတိပေးရမယ်၊ နောက်နောင် ဒီလိုမျိုး လုံးဝမဖြစ်ပါစေနဲ့၊ နောက်ပြီး ရပ်ကွက်ထဲမှာလည်း အခုကိစ္စနဲ့ပတ်သက်ပြီး အားလုံး စိတ်ရှင်းသွားအောင် သူက လူတိုင်းကို လိုက်ရှင်းပြစေချင်တယ်၊ နောက်မို့ဆို ကျွန်တော့်လိုလူမျိုးက ဒီလိုဖြစ်တယ်ဆိုတော့ သူတော်ကောင်းတွေ သိက္ခာကျတယ်"

ရပ်ကွက်လူကြီးတွေကလည်း ဦးဆန်း စိတ်တိုင်းကျ မှတ်ကြီးကို သတိပေးသည်။ နောက်နောင် ဒါမျိုးမလုပ်ရန် ကတိတောင်း၏။

မှတ်ကြီးကလည်း ကတိပေးသည်။ ဦးဆန်းကိစ္စနဲ့ ပတ်သက်၍ လူတိုင်းကို အဖြစ်အပျက်အမှန် လိုက်ရှင်းပြပါမည်ဟု အာမခံလိုက်သည်။

ထို့နောက် ရပ်ကွက်ရုံးမှ မှတ်ကြီး ပြန်ခဲ့၏။ ဦးဆန်းကြီး ရုပ်ခန္ဓာအခြေအနေကို ကြည့်၍ သူ တော်တော်ဖြုံသွား၏။ ယွန်းယွန်း အဖေရဲ့ တပည့်တွေက တကယ်တွယ်တာပဲဟု စိတ်ထဲမှာ ရေရွတ်

www.burmeseclassic.com



လိုက်ပါသည်။

တော်သေးတယ်၊ သူ့အစား ဦးဆန်း ခံသွားလို့၊

◆ ◆ ◆





ဒီ နားတစ်ဝိုက်မှာတော့ ဒီကောင်တွေ ရှိနေဦးမှာပဲဟု ယူဆမိ၏။ ညီသုတတို့စုံတွဲလည်း သူတို့ရပ်ကွက်ထဲမှာတင် ပျောက်သွားသောကြောင့် တစ်နေရာရာခိုနေလိမ့်မည်ဟု ဒီကောင်တွေ တွေးထားမှာ သေချာသည်၊ ထို့ကြောင့် မှတ်ကြီး အနေအထိုင် ဆင်ခြင်လိုက်သည်၊ ဦးဆန်းကြီးကိစ္စ ပြီးသွားကတည်းက ရပ်ကွက်အနောက်ဘက်ကို ဆိုက်ကားမဆွဲတော့၊ ညီသုတတို့စုံတွဲကို အိမ်ထဲက အိမ်ပြင်မထွက်နိုင်းသည့်အပြင် အိမ်ရှေ့ခန်း ထွက်ထိုင်ရင်တောင် အခြေအနေကြည့်ပြီး ထိုင်ခိုင်းသည်၊ ညီသုတတို့ကလည်း ညားခါစဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲအောင်းနေတဲ့ အစီအစဉ်ကို ပိုကြိုက်ပုံရသည်။ တစ်နေ့လုံး တစ်ညလုံး အခန်းထဲကမထွက်တော့ ထမင်းကိုတောင် အခန်းထဲ ယူစားကြ၏။

အခုလည်း မှတ်ကြီးတစ်ယောက် ခေါက်ဆွဲကြော်တစ်ထုပ် နှင့် ထမင်းနှစ်ထုပ် ဝယ်လာ၍ သူ့အိမ်သို့အပြန်လမ်းမှာ အေးမိနှင့် ဆုံသည်။

အေးမိက မှတ်ကြီးကိုတွေ့တော့ မမြင်ချင်ယောင်ဆောင် သွားမလို့လုပ်ပြီးမှ ဟိုတစ်ခါ ဆိပ်ဖွပ်နံပြားကျွေးထားသည့် မျက်နှာ လေးကိုထောက်၍ ပြုံးပြလိုက်ကာ

"ကိုမှတ်ကြီး. . . ဘယ်ကပြန်လာတာလဲ"

အေးမိ နှုတ်ဆက်တာတွေ့တော့ မှတ်ကြီး ပျော်သွားပြီး

"လမ်းထိပ်က ပြန်လာတာပါ။ ဒါနဲ့ အေးလေးက ဘယ်သွား မလို့လဲ"

"လာပြန်ပြီ၊ အဲဒီနာမည် မခေါ်ပါနဲ့ဆို"

"အေးလေးကလည်း ကိုကိုမှတ်ကို တွေ့လိုက်ရင် ဒါပဲပြော နေတာပဲ"

"ပြောမှာပေါ့၊ အဲဒီလို အေးလေးလို့ခေါ်တာ မကြိုက်ပါဘူး





ဆို"

"ကဲပါ အေးလေးရယ်၊ အေးလေးမကြိုက်ရင် ကိုတို့မှတ် နောက်တော့ ဆင်ခြင်မှာပေါ့၊ ဟုတ်ပြီလား"

အေးမိက စိတ်ကျေနပ်စွာ ပြုံးလိုက်သည်။ ထို့နောက် မှတ်ကြီးလက်ထဲမှာ ကိုင်ထားတဲ့ ခေါက်ဆွဲကြော်ထုပ်ကို မျက်လုံး ရောက်သွားပြီး

"ကိုမှတ်ကြီးလက်ထဲက ဘာတွေလဲ"

"ခေါက်ဆွဲကြော်တွေလေ"

"ဩော်. . . ဘယ်သူ့အတွက် ဝယ်လာတာလဲ"

"အိမ်အတွက်ပေါ့ဟာ၊ ဘယ်သူ့အတွက်ကမှာလဲ"

"ဒါဆို ကိုမှတ်ကြီး စားဖို့ပေါ့ ဟုတ်လား၊ ကိုမှတ်ကြီးက ခေါ်ညွှန့်ဆိုင်မှာ မစားတော့ဘူးလား"

မှတ်ကြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ခေါက် ဆွဲကြော်နှစ်ထုပ်နှင့် ထမင်းနှစ်ထုပ်ကို ကြောင်ကြည့်နေရင်းမှ

"အဲ. . . အဟဲ. . . ဒီလိုဟာ. . . ဟိုဟာ. . ဒီ. . . ဒီလိုပဲ လေ၊ တစ်ခါတလေလည်း ခေါက်ဆွဲကြော်လေး စားချင်စိတ်ရှိတာနဲ့ ဝယ်စားတာပါ၊ အကြောင်းလည်း သိရဲ့သားနဲ့၊ ကိုယ်က ခေါက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြော်တစ်ပွဲနဲ့ ဘယ်လောက်မလဲ၊ အဲဒါကြောင့် ထမင်းနှစ်ထုပ်ပါ ထပ်ဝယ်လာတာ"

အေးမိ ဘာမှထပ်မပြော၊ မှတ်ကြီးကို နှုတ်ဆက်၍ ကိုယ့်လမ်းကိုယ်သွားဖို့ လုပ်သည်။ မှတ်ကြီးက လက်တစ်ချက်ကာပြ၍

"နေပါဦးဟာ၊ ဘယ်သွားမလို့လဲ"

"ကိုချစ်ထွေးဆိုင် သွားမလို့၊ အမေခိုင်းလိုက်လို့"

မှတ်ကြီးမျက်နှာ ကွက်ခနဲ ပျက်သွားသည်၊ ထို့နောက်

"ဒါဆို ကိုကိုမှတ် လိုက်ပို့ပေးမယ်"

"ဟာ. . . နေပါစေ၊ ကျွန်မဘာသာ ကျွန်မ သွားနေကျပါ"

မှတ်ကြီးက ခေါင်းခါ၍ အတင်းဇွတ်ခေါ်သည်၊ အေးမိက လည်း ငြင်း၏။ သို့သော် မှတ်ကြီးက ဖွဲကောင်းကောင်းနှင့် ဆက်ခေါ်နေသောကြောင့် အေးမိ အားနာ၍ လိုက်လျောမလိုဖြစ်နေစဉ် သူတို့အနားသို့ အေးမိအမေ ရောက်လာပါတော့သည်။

အေးမိနဲ့ မှတ်ကြီး စကားပြောနေတာကို တွေ့တော့ အေးမိအမေ ဒေါ်ခင်တင့်က ဒေါသထွက်သွားကာ

"ဟဲ့. . . အေးမိ၊ နင့်ကို ငါခိုင်းထားတာ မသွားသေးဘဲနဲ့





ဒီမှာဘာလုပ်နေတာလဲ"

အေးမိလည်း ရုတ်တရက်ဆိုတော့ ခန္ဓာကိုယ် တုန်တက်သွားတာ ကြောက်အားလန့်အားနှင့်

"ဟို. . . ဟို. . . သူ. . . သူနဲ့ ခဏစကားပြောနေတာပါ"

"နင်က အားအားယားယား စကားပြောနေရအောင် ဘာတွေ ဒီလောက်အရေးကြီးနေလဲ၊ သွား. . . အခုသွား"

"ဟုတ်. . . ဟုတ်. . . ဟုတ်ကဲ့"

အေးမိ ပြေးထွက်ကာသွားသည်။ အေးမိ ထွက်သွားတော့ ဒေါ်ခင်တင့်က မှတ်ကြီးကို မျက်စောင်းထိုး၍

"ကိုယ့်အဆင့် ကိုယ်သိ၊ ကိုယ့်အဆင့် ကိုယ်သိ"

ဟုပြောကာ ထွက်သွားပါတော့သည်။ မှတ်ကြီးလည်း စိတ်ပျက်လက်ပျက် သက်ပြင်းချ၍ ထိုနေရာမှ ထွက်ခဲ့ပါတော့၏။

သူနဲ့ အေးမိ ဘဝကတော့ ဒီလိုပဲ အခက်အခဲတွေနဲ့ တဝဲလည်လည် ဖြစ်နေရဦးမယ် ထင်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)



ည လကလေး တဖြူးဖြူး တိုက်နေပါသည်၊ ရာသီဥတုလေးကလည်း သာယာနေ၍ ညီသုတတို့စုံတွဲ အိမ်ရှေ့ခန်းလေးမှာ ထွက်ထိုင်နေကြ၏၊ အခန်းထဲအောင်းတဲ့ ရက်တွေလည်းများနေ၍ ငြီးစီစီကြီး ဖြစ်နေသောကြောင့် စိတ်ပြေလက်ပျောက် ပြတင်းပေါက်လေးနားမှာ ထိုင်နေကြခြင်းဖြစ်သည်။

ယွန်းယွန်းက ညီသုတ ပခုံးလေးကိုမှီရင်း အပြင်ဘက်သို့ငေးကြည့်နေကာ

"ယွန်းတို့ဘဝတွေလည်း ဘယ်တော့များမှ ငြိမ်းချမ်းမလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးနော်"

"ဒီလိုပဲပေါ့ ယွန်းရယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ငြိမ်းချမ်းသွားမှာပါ"

"အဲဒီ တစ်နေ့နေ့ တစ်ချိန်ချိန်ဆိုတာ ဘယ်တော့ရောက်မှာလဲဟင်"

ညီသုတက ချက်ချင်းပြန်မဖြေသေးဘဲ သက်ပြင်းကို ချသည်။ ထို့နောက် ယွန်းယွန်း နဖူးအစပ်မှ ဆံနွယ်စလေးတွေကို သပ်တင်လိုက်ရင်း

"အခုအချိန်မှာ ဒါတွေတွေးပြီး စိတ်ညစ်မနေပါနဲ့ ယွန်းရယ်၊ ကိုကိုလည်း အခု ယွန်းဘေးနားမှာ ရှိနေတာပဲ၊ ကိုကိုက ယွန်းဘေးနားမှာ မရှိတာမှ မဟုတ်တာ"

ယွန်းယွန်းက ခပ်ယဲ့ယဲ့ပြုံးသည်။ ညီသုတ လည်တိုင်လေးကို လှမ်းဖက်လိုက်သည်။

"ကိုကို ယွန်းဘေးနားက ဘယ်တော့မှ ခွဲမသွားရဘူးနော်"

"အင်းပါ၊ ကိုကို ယွန်းဘေးနားမှာ တစ်သက်လုံးရှိနေမှာ၊ စိတ်ချ"

ယွန်းယွန်း ပျော်သွားသည်။ ထို့နောက် ညီသုတကို အရင်ကထက် ပိုမိုတင်းကျပ်စွာ ဖက်လိုက်၏။ ညီသုတကလည်း ယွန်းယွန်း ခန္ဓာကိုယ်လေးကို အလိုက်တသင့် ပြန်လည်ပွေ့ဖက်ထား၏။



"အမလေး. . . အမလေး. . . ကြည်နူးနေလိုက်ကြတာ၊ ကြည်နူးနေလိုက်ကြတာ၊ ငါ့မှာတော့ မင်းတို့နောက်လိုက်တဲ့လူတွေကို ရှောင်နေရတာနဲ့ ဆိုက်ကားကောင်းကောင်းမဆွဲနိုင်ဘူး"

မှတ်ကြီးက ပြောပြောဆိုဆိုနှင့် အိမ်ပေါ်ပြေးတက်လာသည်။ လက်ထဲမှာလည်း စတီးချိုင့်တစ်လုံး ဆွဲကာလာ၏။ ညီသုတနှင့် ယွန်းယွန်းက မှတ်ကြီးကိုတွေ့တော့ ရှက်ပြုံးကိုယ်စီ တပ်ဆင်ရင်း လူချင်းခွာလိုက်ကာ

"ကျွန်တော်တို့မှာ ရတဲ့အချိန်လေး ကြည်နူးရတာပါ အစ်ကိုရယ်၊ ဒါနဲ့ လက်ထဲက ဘာတွေလဲ"

"ကြာဆန်ဟင်းခါး"

"ဟယ်. . . ဟုတ်လား၊ ကြာဆန်ဟင်းခါးဆို ညီမတသိပ်ကြိုက်တာ"

မှတ်ကြီးက ခေါင်းညိတ်ပြလိုက်ကာ

"သိတယ်လေ၊ အဲဒါတွေသိလို့ တောင်းလာတာပေါ့"

"ဟင်. . . တောင်းလာတာ ဟုတ်လား၊ ဘယ်ကတောင်း

www.burmeseclassic.com



လာတာလဲ"

"အလှူကပေါ့ဟာ၊ လမ်းထိပ်က အိမ်တစ်အိမ်မှာ ဒီနေ့ အလှူလုပ်တယ်၊ အဲဒီက တောင်းလာတာ"

"ဟယ်. . . အားနာစရာကြီး"

"ဘာအားနာစရာရှိလဲ၊ ဒီမှာက ဒီလိုပဲဟာ၊ ဘာလဲ ညည်းက မစားဘူးပေါ့"

"ဟီဟိ. . . စားမှာပေါ့"

မှတ်ကြီးက ပြုံးပြုံးနှင့် မီးဖိုချောင်ထဲ ဝင်သွား၏။ ခဏကြာတော့ ပန်းကန်နှစ်လုံးဆွဲကာ ပြန်ထွက်လာသည်၊ ညီသုတကို တစ်ခွက်၊ ယွန်းယွန်းကို တစ်ခွက် ထည့်ပေးလိုက်၏။

ညီသုတနှင့် ယွန်းယွန်းက ကြာဆန်ဟင်းခါး ကိုယ်စီ သောက်နေစဉ် မှတ်ကြီးက

"ကောင်းလား"

"ကောင်းတယ် အစ်ကို၊ အစ်ကိုရော မသောက်ဘူးလား"

"သောက်. . . သောက်၊ ငါက တဝသောက်ခဲ့ပြီးသွားပြီ"

ခဏကြာတော့ ကြာဆန်ဟင်းခါးတစ်ချိုင့်လည်း တက်တက်စင်အောင် ပြောင်ကာသွားသည်၊ မှတ်ကြီးက ပန်းကန်နဲ့ ချိုင့်တွေကို



အနောက်ဖေးသို့ ယူသွားစဉ်

"အစ်ကို ထားလိုက်၊ ညီမ ဆေးလိုက်မယ်"

ယွန်းယွန်းက ထရပ်လိုက်၏၊ မှတ်ကြီးက ရတယ်ဟု ပြောသော်လည်း ယွန်းယွန်းက အတင်းဝင်ဆေး၏၊ ခဏကြာတော့ သူတို့ ဧည့်ခန်းမှာ ပြန်ထိုင်ဖြစ်ကြ၏၊ မှတ်ကြီးက ဆေးပေါ့လိပ်လေးကို ဖွာကာ အိမ်နံရံကိုမှီနေသည်၊ ညီသုတနှင့် ယွန်းယွန်းက အရင်ထိုင်နေကျနေရာမှာပဲ ပြန်ထိုင်လိုက်ကြပါသည်၊

ခဏကြာတော့ မှတ်ကြီးက

"မင်းတို့လည်း ဒီကိုရောက်နေတာ တစ်ပတ်ပြည့်ဖို့နော်"

ညီသုတက မှတ်ကြီးကိုကြည့်၍

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်တို့လည်း ဘာဆက်လုပ်သင့်လဲ စဉ်းစားနေတာ၊ ဒါနဲ့ အစ်ကို ဟိုလူတွေနဲ့တွေ့သေးလား"

မှတ်ကြီးက ခေါင်းခါပြ၏၊ ထို့နောက်

"ဒီရက်ပိုင်းတော့ မတွေ့တော့ဘူးကွ၊ ဒါပေမဲ့ တစ်နေရာရာကတော့ ငါတို့လှုပ်ရှားမှုကို စောင့်ကြည့်နေမှာသေချာတယ်"

"သေချာတာပေါ့ အစ်ကိုရယ်၊ သူတို့တွေ လွယ်လွယ်နဲ့တော့ လက်လျှော့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက ခေါင်းညိတ်သည်။ ထို့နောက်

"ဒီရက်ပိုင်းတော့ မတွေ့တော့ဘူးကွ၊ ဒါပေမဲ့ တစ်နေရာရာကတော့ ငါတို့လှုပ်ရှားမှုကို စောင့်ကြည့်နေမှာ သေချာတယ်"

"သေချာတာပေါ့ အစ်ကိုရယ်၊ သူတို့တွေ လွယ်လွယ်နဲ့တော့ လက်လျှော့မှာမဟုတ်ဘူး"

မှတ်ကြီးက ခေါင်းညိတ်သည်။ ထို့နောက် တစ်ခုခုကို လေးလေးနက်နက် စဉ်းစားသည့် အမူအရာမျိုး ဖြစ်သွားပြီးနောက်

"မင်းတို့ အရေးကြီးတာတစ်ခု လုပ်ရဦးမယ်နော်"

ညီသုတနဲ့ ယွန်းယွန်းက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ မှတ်ကြီးကပဲ သူ့စကားသူဆက်၏။

"မင်းတို့နှစ်ယောက် တရားရုံးမှာ လက်မှတ်ထိုးရဦးမယ်၊ အဲဒါအရေးကြီးတယ်၊ တကယ်လို့ သူတို့ဘက်က ဖမ်းမိသွားရင်တောင် လက်မှတ်ထိုးရင် ဘာမှလုပ်လို့မရတော့ဘူး"

ညီသုတတို့ နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်ကြသည်။

"သိပါတယ် အစ်ကို၊ ကျွန်တော်တို့ အခြေအနေကောင်းတဲ့ တစ်နေ့ကျရင် သွားမှာပါ"

ညီသုတ စကားဆုံးတော့ မှတ်ကြီးက လက်ဖျောက်တစ်ချက် တီးလိုက်၍

"ဟုတ်ပြီ. . . မနက်ဖြန် ငါ အခြေအနေကြည့်ပြီး ကားငှားလာခဲ့မယ်၊ မင်းတို့ဘက်ကသာ အချိန်မရွေး ထလိုက်လို့ရအောင် လုပ်ထား"

"ဟုတ်ကဲ့ပါ အစ်ကို၊ စိတ်ချ"

ထို့နောက် စကားနည်းနည်းပါးပါး ဆက်ပြောပြီး မှတ်ကြီး ပြန်ထွက်သွားသည်။ မှတ်ကြီး ထွက်သွားပြီးနောက် ညီသုတတို့ နှစ်ယောက်စလုံး သက်ပြင်း မြိုင်တူချလိုက်ပါတော့၏။

◆ ◆ ◆




ဗိုးမိုးစာပေ
www.burmeseclassic.com

www.burmeseclassic.com



မြ နက်ပိုင်း ဆိုက်ကားဆွဲပြီးနောက် မှတ်ကြီးက ညီသုတ တို့ကိစ္စကို ဆောင်ရွက်ဖို့လုပ်သည်၊ ဆိုက်ကားကိုဂိတ်မှာ ခဏအပ်ခဲ့ ပြီး လမ်းတစ်ဖက်ကမ်းသို့ ကားငှားဖို့ ထွက်လာလိုက်သည်၊ လမ်းတစ်ဖက်ကမ်း ရောက်ပြီးနောက် ပတ်ဝန်းကျင်သို့ တစ်ချက် လှေ့လာလိုက်သည်၊ ထိုအချိန်တွင် ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင် ထဲတွင် လူနှစ်ယောက် သူ့ကိုကြည့်နေတာ တွေ့လိုက်ရ၏၊ ထိုလူ နှစ်ယောက်ကို သူမမြင်ဖူးပေ၊ သို့သော် ထိုလူတွေရဲ့အကြည့်ကို



မကြိုက်၍ မှတ်ကြီး ကားမငှားသေးဘဲ ယောင်လည်လည် လုပ်နေ လိုက်သည်၊

ထိုအချိန်တွင် အေးမိတစ်ယောက် ဒီဘက်ကားလမ်းသို့ ကူးလာတာ တွေ့လိုက်ရ၏၊ ဒီအချိန်မှာ အခုလိုပဲ ယောင်လည်လည် လုပ်နေမည့်အစား အေးမိနောက် လိုက်သွားတာ ပိုအကျိုး ရှိသည်ဟု တွေးလိုက်၍ မှတ်ကြီး အေးမိဆီသို့ လှမ်းထွက်သွားပါတော့၏၊

မှတ်ကြီးက သူမအနားရောက်တော့

"အေးလေး. . . ဘယ်သွားမလို့လဲ"

အေးမိက ရုတ်တရက်ဆိုတော့ လန့်သွား၍ မော့ကြည့်လိုက် တော့

"ဘယ်သူများလဲလို့၊ လန့်သွားတာပဲ"

"ကိုကိုမှတ်က အဲဒီလောက် လန့်စရာကောင်းနေလို့လား"

အေးမိ ဘာမှမပြောဘဲ ဆက်လျှောက်သွားသည်၊ မှတ်ကြီး အနောက်က ကပ်လိုက်သွား၏၊

"အေးလေး"

"ဘာလဲ"

"အခု ဘယ်သွားမလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးကျောင်း သွားမလို့"

"ဘာလုပ်မလို့လဲ"

"ဆရာတော်ဘုရားကို အမေ မှာလိုက်တာလေးရှိလို့"

"ဪ"

မှတ်ကြီးက ထိုသို့ရေရွတ်ပြီး ယောင်တောင်ပေါင်တောင်နဲ့ ဆက်လိုက်သွားသည်။ အေးမိက မှတ်ကြီးကို လှည့်ကြည့်၍

"ကိုမှတ်ကြီး ဘယ်သွားမလို့လဲ"

မှတ်ကြီးက ရယ်ကျဲကျဲနှင့်

"အေးလေးနောက်ကို လိုက်မလို့"

"ဘာလိုက်လုပ်မှာလဲ"

"ဒီလိုပဲ လိုက်လာတာပေါ့ အေးလေးရယ်၊ ဘာလဲ မလိုက်ရဘူးလား"

"ဟာ. . . မလိုက်လာပါနဲ့၊ တော်ကြာ သူများတွေ တွေ့သွားလို့ အမေ သိသွားရင် ကျွန်မ ဆူခံနေရဦးမယ်"

မှတ်ကြီးက မျက်နှာငယ်လေးနှင့် အေးမိကိုကြည့်၍

"အေးလေးရယ်၊ ကိုကိုမှတ်တို့ ဘဝက ဒီလိုပဲနေရတော့မှာလားဟင်"





"ဒီလိုမနေချင်လို့ ကိုမှတ်ကြီးက ဘယ်လိုနေချင်လို့လဲ"

"ဟို. . . ဟိုလိုလေ. . . ဟိုဟာ"

မှတ်ကြီးက ပါးစပ်ကလည်း ပြောရင်း လက်ညှိုးနှစ်ချောင်းကို ပူးကာပြ၏။ အေးမိက ထိုအခြင်းအရာကိုမြင်တော့ ရှက်သလိုလိုဖြစ်သွားပြီး ခေါင်းငုံ့သွားကာ အရင်ကထက် ပိုမြန်မြန်ပစ်လိုက်သည်။

မှတ်ကြီးလည်း ခွင်ဝင်ပြီဆိုပြီး အနောက်က ဆက်လိုက်သွားကာ

"အေးလေး. . . ကိုကိုမှတ်ကို ဘယ်လိုသဘောထားလဲဟင်"

"ဘယ်လိုမှ သဘောမထားဘူး"

"ဟာ. . . အေးလေးကလည်း၊ ကိုကိုမှတ်က အေးလေးအပေါ် မေတ္တာရှိနေတာ သိရဲ့သားနဲ့"

အေးမိ ဘာမှပြန်မပြော။ မှတ်ကြီးကသာ ဆက်ပြောသည်။

"အေးလေးအပေါ် ကိုကိုမှတ် မေတ္တာစာတွေ ပေးတာလည်း မရေတွက်နိုင်တော့ဘူး၊ အခုထိ အေးလေးဆီက ဘာအဖြေမှလည်း မရသေးဘူး၊ အေးလေး ကိုကိုမှတ်ကို တစ်ခုခုတော့ ပြန်ပြောသင့်တယ်ထင်တယ်"

အေးမိက ဘာမှပြန်မပြောပါ၊ ပြန်ပြောချိန်လည်း မရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘုန်းကြီးကျောင်းထိပ်သို့ ရောက်သွားပြီဖြစ်သည်။ အေးမိက ဘုန်းကြီးကျောင်းထဲဝင်သွားတော့ မှတ်ကြီးက လိုက်ဝင်မလို့လုပ်ပြီးမှ ယောင်လည် ယောင်လည်နှင့် ကျန်ခဲ့၏။ ထို့နောက် သက်ပြင်းချကာ ကျောင်းဝမှ လှည့်ပြန်ခဲ့ရပါတော့သည်။

မှတ်ကြီးနောက်သို့ မယောင်မလည် လိုက်လာသော လူနှစ်ယောက်ကိုတော့ မှတ်ကြီး သတိမပြုမိလိုက်ပါ။ ထိုလူနှစ်ယောက်က မှတ်ကြီး လက်ဖက်ရည်ဆိုင်မှာ လှမ်းတွေ့လိုက်သော လူနှစ်ယောက် ဖြစ်ပါသည်။ ထိုလူနှစ်ယောက်က မှတ်ကြီးနောက်သို့ ဆက်လိုက်သွားကြတော့၏။

◆ ◆ ◆



၆ နောက်တစ်ရက်တွင် မှတ်ကြီးက သူဆိုက်ကားကို ဝိတ်မှာ ခဏထိုးထားခဲ့ပြီး တက္ကစီပြေးငှားသည်။ ဖိုးထောင်ကို မှတ်ကြီးက ဆိုက်ကားခဏကြည့်ပေးဖို့အပ်ခဲ့တော့ ဖိုးထောင်က

"မင်းက ဘယ်သွားမလို့လဲ"

မှတ်ကြီးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်၍ ဖိုးထောင်တို့ အကြောင်းစုံရှင်းတာပြ၏။ မှတ်ကြီး စကားဆုံးတော့ ဖိုးထောင် ခေါင်း တညိတ်ညိတ်လုပ်ရင်း

"ကောင်းတယ်. . . ကောင်းတယ်၊ ဒါမျိုးဆိုတာ လူညီသင့်

www.burmeseclassic.com



တယ်၊ ဒါနဲ့ ငါ လိုက်ခဲ့ရဦးမလား"

"ရတယ် နေခဲ့၊ ဒါမျိုးက လူများလို့သိပ်မကောင်းဘူး၊ ပတ်ဝန်းကျင် ရိပ်မိသွားမယ်"

ဖိုးထောင်က ခေါင်းညိတ်သည်၊ ထို့နောက် မှတ်ကြီး ထွက်ကာသွား၏၊ သွားခါနီး ဖိုးထောင်ကိုလှည့်ကြည့်၍

"ခင်ဗျားလည်း အဲဒီကိစ္စ ဘယ်သူမှ လျှောက်မပြောနဲ့ဦး နော်"

"အေးပါကွာ စိတ်ချပါ၊ ဟိုတစ်နေ့ကတောင် စကားစပ်မိလို့ ပြောကြရင်း ဘယ်သူမှ လျှောက်မပြောနဲ့ဦးနော်လို့ ငါတောင် မှာလိုက်သေးတယ်"

မှတ်ကြီး တစ်ဖက်ကားလမ်းသို့ ကူးသွားလိုက်သည်၊ တစ်ဖက်လမ်းရောက်တော့ မနေ့ကလူနှစ်ယောက် ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်၏၊ သူ့ကို စောင့်ကြည့်နေတဲ့လူ ဘယ်သူမှ မတွေ့လိုက်ရ၍ မှတ်ကြီး စိတ်ချမ်းသာကာသွားသည်၊ ထို့နောက် အေးမိကိုလည်း ရှာမိသည်၊ မနေ့က လိုမျိုး တွေ့ဦးမလားဟု သံယောဇဉ်က မကုန်နိုင်သေး၊ သို့သော် မှတ်ကြီး ဆန္ဒမပြည့်ပါ၊ အေးမိနဲ့တူတာဆိုလို့ ဘယ်သူမှမရှိ၊



မှတ်ကြီး တက္ကစီငှားပြီးနောက် သွားမယ့်နေရာပြော၍ အိမ်သို့ တိုက်ရိုက်မောင်းချလာခဲ့သည်၊ သူ့အိမ်ရောက်တော့ အိမ်ရှေ့ခန်းမှာ အဆင်သင့်စောင့်နေသော ညီသုတတို့ကို တွေ့ရ၏၊ ပြီးနောက် ညီသုတတို့ပါ ကားပေါ်ပါလာ၍ အနီးဆုံး တရားရုံးသို့ သွားလိုက်ပါတော့သည်၊

ညီသုတရော ယွန်းယွန်းပါ ရင်ခုန်နေ၏၊ ထို့နောက် ပျော်နေကြသည်၊ မှတ်ကြီးလည်း ပျော်နေပါသည်၊ ဒီနေ့သာ သူနဲ့ အေးမိ လက်ထပ်တဲ့နေ့ဆို ဘယ်လောက်ကောင်းမလဲဟု တွေးနေ လိုက်ပါ၏၊

ခဏကြာတော့ တရားရုံးသို့ရောက်သည်၊ လက်ထပ်ဖို့ကိစ္စ အဆင်ပြေပြေနဲ့ ပြီးသွားသည်၊ သက်သေအဖြစ် လက်ထပ်ပေးသည့် ရှေ့နေကပဲ လက်မှတ်ထိုးပေးလိုက်သည်၊ လက်ထပ်ပြီးတော့ ညီသုတက မှတ်ကြီးအား အားရပါးရဖက်၍

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်"

ရင်ထဲက လှိုက်လှဲစွာ ဆိုမိလိုက်ပါသည်၊ မှတ်ကြီးတဝမ်းသာအားရနှင့် ပြန်လည်တင်းကျပ်စွာ ဖက်ထားမိ၏၊ ညီသုတ မျက်ဝန်းမှ အပျော်မျက်ရည်တွေ သူ့အလိုလို စီးကျလာသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှတ်ကြီး မျက်နှာကိုကြည့်၍

"အစ်ကို့ကျေးဇူးကို ကျွန်တော်တို့နှစ်ယောက် ဒီတစ်သက် မမေ့ပါဘူးအစ်ကိုရယ်၊ အစ်ကိုကူညီပေးလို့ ကျွန်တော်တို့ နှစ်ယောက်မှာ အခုလို အဆင်ပြေလာရတာပါ"

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကို ဘယ်လိုကိစ္စမျိုးမဆို အကူအညီလိုရင် ညီမတို့ကို ပြောပါ၊ ညီမတို့ဘက်က ကူညီဖို့ အဆင်သင့်ပါ"

ထိုစကားတွေကြားတော့ မှတ်ကြီးရင်ထဲမှာ နွေးခနဲဖြစ်သွား၏။ တစ်ကောင်ကြွက် ဖြတ်သန်းလာရတဲ့ အချိန်တွေများနေ၍ ဒီလိုသံယောဇဉ်စကားမျိုး ကြားလိုက်ရသောကြောင့် ရင်ထဲမှာ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ထို့နောက် ချက်ချင်း စကားပြန်မပြောနိုင်သေးဘဲ ရင်ထဲမှာ ဆို့နစ်ကာနေ၏။ ခဏကြာတော့မှ

"အေးပါကွာ၊ ငါလည်း မင်းတို့ အခုလို အဆင်ပြေသွားတဲ့အတွက် ဝမ်းသာပါတယ်၊ အခုလို မင်းတို့ဆီက စကားတွေကြားရတဲ့အတွက်လည်း ရင်ထဲမှာ ဝမ်းသာမိပါတယ်"

ညီသုတက မှတ်ကြီးကို ပခုံးဖက်လိုက်သည်။ ထို့နောက် သူတို့ တရားရုံးမှ ပြန်ထွက်ခဲ့ကြတော့၏။ လမ်းရောက်တော့ ညီသုတ





က

"*အစ်ကို. . . ဒီည အစ်ကို့အိမ်မှာ ကျွန်တော်တို့ လက်မှတ်*ထိုးတဲ့ အထိမ်းအမှတ် စားကြသောက်ကြရအောင်"

မှတ်ကြီးက တစ်ချက်တွေး၍

"ကောင်းသားပဲ၊ ငါ့သူငယ်ချင်း ဖိုးထောင်နဲ့ အောင်ကြီးပါ ခေါ်လိုက်မယ်"

"ခေါ်လိုက်လေ အစ်ကို၊ သူတို့နှစ်ယောက်တည်းပဲလား၊ ကျန်တဲ့သူတွေရော"

"ကျန်တဲ့သူတွေက မင်းတို့အကြောင်း မသိကြဘူးကွ၊ သူတို့နှစ်ယောက်ပဲ သိတာ"

"ဒါဆိုလည်း အစ်ကို့သဘောပဲလေ၊ ဒီညတော့ ကြိုက်သလောက်သောက်၊ ကြိုက်သလောက်စားနော်၊ ဘာမှအားမနာနဲ့"

"စိတ်ချစမ်းပါကွာ"

မှတ်ကြီးရဲ့ အားရပါးရ ပြောလိုက်တဲ့စကားကြောင့် အားလုံးရယ်လိုက်ကြပါသည်။ ထို့နောက် သူတို့ တပျော်တပါး ပြန်လာခဲ့လိုက်ကြသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



၂၂ လက်လေဘယ်နှစ်လုံးက စားပွဲဝိုင်းအလယ်တွင် ထောင်ထားသည်။ မှတ်ကြီးတို့အုပ်စုက ထိုအရက်နှစ်လုံးကို ကြောင်တောင်တောင်နဲ့ ကြည့်နေကြ၏။ အမြည်းတွေကလည်း အများကြီး။

ဘဲကင်၊ ဝက်လက်စတူး၊ အစိမ်းကြော်၊ ခေါက်ဆွဲကြော်၊ အခေါက်နဲ့ နံရိုးကို ပဲအချိုရည်လေး စမ်းထားတာက တစ်ပွဲ၊ ထို့အပြင် ထမင်းကြော်တွေလည်း ပါ၏။

ဖိုးထောင်က စားပွဲဝိုင်းသို့ လှမ်းကြည့်တာ လျှာတစ်ချက်သပ်လိုက်ပြီး



"ဒီလိုဟာမျိုး ဒီတစ်သက်မှာ တစ်ခါပဲ ကြုံဖူးသေးတယ်ကွာ၊ ကြုံတုန်း အဝတွယ်လိုက်ဦးမယ်"

ညီသုတနဲ့ ယွန်းယွန်းက ပြုံး၍

"စားကြပါဗျာ၊ ကျွန်တော်တို့က ဒီထက်မကတောင် ကျွေးချင်သေးတာ၊ အခြေအနေအရ ဆိုင်မှာ လိုက်ကျွေးလို့မဖြစ်လို့ ဒီလောက်နဲ့ပဲ စီစဉ်လိုက်ရတာ"

"အားပါး. . . ဒီလောက်နဲ့တင် တော်တော်အဆင်ပြေနေပါပြီ"

ဟု အောင်ကြီးက ဝင်ပြော၍ အရက်ပုလင်းတစ်လုံးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ဖန်ခွက်တွေထဲ နည်းနည်းစီ မှျထည့်၍ ရေခဲလေးတွေထည့်ကာ တစ်ခွက်စီ ထိုးပေးလိုက်၏။ ညီသုတက သူ့ရှေ့ရောက်လာသော ခွက်ထဲသို့ ရေအနည်းငယ် ရောလိုက်ကာ

"တဲ. . . ...လုံး ချီးယားစ်ပါ"

အားလုံးကလည်း ခွက်တွေ ကိုင်မြှောက်၍

"အားလုံး အောင်မြင်ပါစေ"

"ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းကြပါစေ

www.burmeseclassic.com



များ"

"ဟေး"

အားလုံး ပျော်ရွှင်စွာ ခွက်တိုက်လိုက်ကြ၍ တပျော်တပါး ကြီး သောက်လိုက်ကြသည်။ မှတ်ကြီးတို့အုပ်စုကတော့ အရက်ကို အဓိကထား သောက်၏။ တစ်ခါမှမသောက်ဖူးသော အရက်ဖြစ်နေ သောကြောင့်လည်း အားရပါးရ သောက်ကြ၏။ ညီသုတတို့ကတော့ အမြည်းကို အဓိကထား စားကြပါသည်။ အချိန်တော်တော်လေးကြာ တော့ အားလုံး အာသွက်လျှာသွက် ဖြစ်လာကြ၍ စကားဝိုင်းက ပိုမိုစည်ကားလာသည်။

"ညီသုတ မင်းတို့လင်မယားကိုကြည့်ရင်း ကြည့်ရင်းနဲ့ ငါ အားကျလာပြီကွာ"

"ကိုမှတ်ကြီးကလည်း အားကျရင် ကျွန်တော်တို့လိုဖြစ် အောင် လုပ်ပေါ့ဗျ"

မှတ်ကြီးက လက်ကျန်ကို ကွက်ခဲ သောက်လိုက်ပြီးမှ

"ဟုတ်တယ်ကွ၊ မင်းပြောတာမှန်တယ်၊ ငါလည်း မင်းတို့လို ေအးမကိုခိုးပြေးရင် ေကာင်းမယ်"

"ေကာင်းတယ် ချဗျာ၊ ကျွန်တော်တို့ ကူညီမယ်"

ဦး ၊ မိုး ၊ ၈ ၁ ၈ ပ



ညီသုတ စကားဆုံးတော့ ဖိုးထောင်က မျက်မှောင်ကြုတ် ပြီး

"မင်းက ခိုးပြေးတာတော့ ဟုတ်ပါပြီ၊ ကောင်မလေးက မင်းနဲ့ ရည်းစားဖြစ်နေပြီလား"

"ဟင့်အင်း"

"ဟာ. . . အဲဒါဆို အတင်းအဓမ္မမှုနော်"

"ဖြစ်ဖြစ်ကွာ၊ ငါ မရရအောင် ခိုးမယ်"

မှတ်ကြီးက ယမကာအရှိန်ဇောနဲ့ ပိုးထကာနေ၏၊ အမှန် တော့ လူတွေရဲ့သဘောတရားအတိုင်း အရက်မူးတဲ့အချိန်မှာ ကိုယ်ဖြစ်ချင်တာလေးတွေကို ပါးစပ်သေနတ်ပစ်ခြင်းပါ။ တကယ့် တကယ်တမ်းကျ ဘာမှဟုတ်တာ မဟုတ်။

ဤသို့ဖြင့် ဝိုင်းက တဖြည်းဖြည်း ကြာလာသည်၊ အရက် လည်း တစ်လုံးကုန်၍ နောက်တစ်လုံးသို့ ကူးပြောင်းကြ၏။ နောက် တစ်လုံး ကုန်သွားပြီးနောက် ဘယ်သူမှမထနိုင်တော့။ ထိုနေရာမှာ တွင်လဲပြီး အားလုံးမှောက်။ ညီသုတတို့စုံတွဲသာ အတောင်းပကာတိ ကျန်ခဲ့သည်။

◆ ◆ ◆

ဦး ၊ မိုး ၊ ၈ ၁ ၈ ပ

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ မှတ်ကြီးတစ်ယောက် အရင်ဆုံး နိုးသည်။ ကျန်တဲ့လူတွေကြည့်လိုက်တော့ အိပ်နေတုန်းပဲ ရှိသေး၏။ ညီသုတနဲ့ ယွန်းယွန်းကိုတော့ မတွေ့ရ။ သူတို့လင်မယားကတော့ အခန်းထဲမှာပဲ ရှိနေလိမ့်မည်ဟု မှတ်ကြီး တွေးလိုက်၏။

ထို့နောက် မှတ်ကြီး နေရာကထကာ အိမ်နောက်ဘက် အုတ်ကန်ဆီသို့ လှမ်းလာလိုက်သည်။ မျက်နှာသစ် သွားတိုက်ပြီး နောက် အိမ်ရှေ့ဘက် ထွက်လာလိုက်၏။ ထိုအချိန်တွင် ရပ်ကွက်ထဲ က ကလေးတစ်ယောက် မှတ်ကြီးအိမ်သို့ ပြေးဝင်လာပြီး စာ



တစ်စောင် လာပေး၏။ မှတ်ကြီးက သူ့လက်ထဲရောက်လာတဲ့ စာကို ကြောင်တောင်တောင်နဲ့ ကြည့်ပြီး

"ဒါ ဘယ်သူ့စာလဲ"

"ဦးမှတ်ကြီးကို လူတစ်ယောက်က ပေးသွားတာ"

"ဘယ်သူလဲ"

"သားလည်း မသိဘူး"

ထိုကလေးက ထိုသို့ပြောပြီး လှည့်ပြေးကာသွား၏။ မှတ်ကြီး က စာကိုဖောက်ဖတ်လိုက်တော့

"မင်းဆီမှာရောက်နေတဲ့ ညီသုတတို့ ယွန်းယွန်းတို့နဲ့ ငါတို့ ဆီမှာ ရောက်နေတဲ့ အေးမိကို လဲမယ်၊ ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်ရင် အေးမိ ဘာဖြစ်သွားမယ်ထင်လဲ၊ မယုံရင် အေးမိကိုယ်တိုင် ရေးပေး လိုက်တဲ့စာ အောက်မှာပါတယ်၊ ငါတို့ချိန်းတဲ့ လိပ်စာအတိုင်း ညီသုတ တို့ကိုခေါ်ပြီး လာပါ။

(မှတ်ချက် အဖော်ခေါ်မလာရ)"

စာဆုံးတော့ မှတ်ကြီး ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားရသည်။ အောက်မှာ အေးမိ ရေးပေးလိုက်သည်ဆိုသော စာကိုဖတ်ကြည့်၏။

အောက်က စာက

www.burmeseclassic.com

www.burmeseclassic.com



"ကိုမှတ်ချီး. . . အေးမိကို ကယ်ပါ၊ သူဒို့ အေးမိကို ဖမ်းထားတယ်"

မှတ်ကြီး ဝုန်းခနဲ ထရပ်လိုက်ကာ အိမ်ထဲသို့ပြေးဝင်သွားလိုက်ပါသည်။ အိမ်ထဲရောက်တော့ ဖိုးထောင်နှင့်အောင်ကြီးကို အရင်နှိုး၏၊ ဟိုနှစ်ကောင် ရုတ်တရက် အနှိုးခံလိုက်ရသောကြောင့် ကြောင်တောင်တောင်ဖြစ်နေဆဲ မှတ်ကြီးက စာကိုပြ၍ အကျိုးအကြောင်း ရှင်းပြသည်။

"လုပ်ပါဦးကွာ. . . လုပ်ပါဦး၊ သူတို့တွေ အေးမိကို ပြန်ပေးဆွဲသွားကြပြီ"

ဖိုးထောင်နှင့် အောင်ကြီးက အိပ်မှုန်စုန်မွှားနှင့် စာကို ကြောင်တောင်တောင်နဲ့ ကြည့်နေဆဲ မှတ်ကြီးက စိတ်မရှည်တော့၍

"ဟေ့လူတွေ ဘာကြည့်နေတာလဲ၊ ဒီမှာ အေးမိကို ဟိုကောင်တွေခေါ်သွားပြီ"

"ဟင်. . . ဘယ်ကောင်တွေလဲ"

"အေးမိ လင်နောက်လိုက်သွားပြီ ဟုတ်လား"

မှတ်ကြီးက စိတ်ပျက်လက်ပျက် ဖင်ထိုင်ချလိုက်သည်။ ထို့နောက် အကြောင်းအရာ အပြည့်အစုံကို သေချာရှင်းပြရတော့၏။



ညီသုတနဲ့ ယွန်းယွန်းလည်း ဆူဆူညံညံ အသံတွေကြောင့် နိုးလာကြကာ အိမ်ရှေ့ခန်းသို့ ထွက်လာပါတော့သည်။ အားလုံး အကြောင်းစုံသိသွားပြီးနောက် ညီသုတနဲ့ ယွန်းယွန်းက

"ဘာမှမပူနဲ့ အစ်ကို၊ အစ်ကိုကောင်မလေး ဘာမှမဖြစ်စေရဘူး၊ သူတို့လည်း အစ်ကိုကောင်မလေးကို လက်ဖျားနဲ့တို့ဝံ့မှာ မဟုတ်ပါဘူး၊ အခု ပြန်ပေးဆွဲသွားတယ်ဆိုတဲ့ လူတွေကလည်း ညီမဖေဖေရဲ့ လူယုံတွေပါ၊ သူတို့အကြောင်းကို ညီမ သိပါတယ်၊ အခုဟာက သူတို့ ဘာမှမလုပ်တတ်တဲ့အဆုံး ကြံမိကြံရာ ကြံကြတာပါ"

"ဒါ. . . ဒါဆို ငါတို့ ဘာဆက်လုပ်ကြမလဲ"

ယွန်းယွန်းက မျက်နှာကို တစ်ချက်တင်းလိုက်ပြီး

"သူတို့ဆီ ညီမကိုယ်တိုင် သွားမယ်"

ထိုအချိန်တွင် ညီသုတက ဝင်၍

"ဖြစ်ပါ့မလား ယွန်းရဲ့၊ တော်ကြာ ယွန်း ဖေဖေလက်ထဲ ပြန်ရောက်သွားရင် ဘယ်လိုလုပ်မလဲ"

"စိတ်ချပါ၊ ဒီတစ်ခါတော့ ယွန်းတို့ကို သူတို့ခွဲလို့ ရတော့မှာမဟုတ်ပါဘူး၊ ယွန်းတို့က လက်ထပ်ပြီးပြီပဲဟာ"

အားလုံး ငြိမ်ကျသွား၏။ လောလောဆယ် လုပ်စရာဆိုလို့

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းပြောတဲ့ အကြံတစ်ခုသာ ရှိမတော့၍ နောက်ဆုံးတော့ ခေါင်းညိတ်လက်ခံလိုက်ရပါတော့သည်။

အားလုံး အိမ်က ထွက်ခါနီးမှ ညီသုတက အကြံတစ်ခု ရကာ သွား၏။ ထို့ကြောင့် သူ့အကြံကို အားလုံးအား ပြောပြလိုက်ပါတော့ သည်။

အားလုံးရဲ့ မျက်နှာတွေမှာ အပြုံးရိပ်တွေနှင့်

"အိုကေ"

◆ ◆ ◆



ခြံဝင်းကြီးအတွင်းတွင် အိမ်ကြီးတစ်လုံးရှိသည်။ ထိုခြံဝင်းကြီးသည် သူတို့ရပ်ကွက်နှင့်ဆိုလျှင် တစ်ရပ်ကွက်သာခြားသည်၊ ထိုခြံဝန်းကြီးမှာ လူသူမနေတော့သော ခြံဝင်းကြီးတစ်ခုလည်းဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြီဖြစ်သောကြောင့် ပိုင်ရှင်ဘယ်သူလဲလည်း မမှတ်မိတော့၊ ဘယ်တုန်းကစပြီး လူမနေတော့တာလည်း မသိတော့။ ယခု အဲဒီခြံဝန်းကြီးထဲမှာ လူတစ်စုရောက်နေသည်၊ ထိုလူတစ်စုတွင် ယောကျ်ားခြောက်ယောက်လောက်နှင့် မိန်းကလေး တစ်ယောက် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးက တငိုငိုတရှိုက်ရှိုက်နှင့် ယောက်ျားကြီး ခြောက်ယောက်ကို တောင်းပန်ကာနေ၏။

"ဦးကြီးတို့ အစ်ကိုကြီးတို့ရယ် အေးမိကို လွှတ်ပေးပါနော်၊ အေးမိမှာ ဘာအပြစ်ရှိလို့လဲဟင်၊ ပြီးတော့ ကိုမှတ်ကြီးမှာလည်း ဘာအပြစ်ရှိလို့လဲ"

"တိတ်စမ်း၊ နင့်ကို ငါတို့က ဖမ်းချင်လို့ ဖမ်းထားတယ်များ အောက်မေ့လို့လား၊ ငါတို့ လိုချင်တဲ့ ပစ္စည်းရပြီးရင် ပြန်လွှတ်မှာ"

"ပစ္စည်း. . . ဟုတ်လား၊ အေးမိတို့က ဆင်းရဲသားတွေပါ၊ ပစ္စည်းဆိုလို့ တန်ဖိုးရှိတာ ဘာမှမရှိပါဘူး"

"နင့်ဆီက မဟုတ်ဘူး၊ ဟိုကောင့်ဆီက"

အေးမိ ရှုတ်တရက် အငိုတိတ်သွား၍ ကြောင်တောင်တောင်နှင့်

"ကိုမှတ်ကြီးဆီက. . . ဟုတ်လား"

"ဟုတ်တယ်"

"သူဆို ပိုတောင်ဆိုးသေး၊ နေ့ည ဆိုက်ကားနင်းမှ ထမင်းစားနေရတဲ့ဟာ၊ ဩော်. . . သိပြီ. . . အစ်ကိုကြီးတို့က ကိုမှတ်ကြီးဆီက ဆိုက်ကားလိုချင်လို့လားဟင်"





"ဟာ. . . ဒီကောင်မလေး ငါထုလိုက်ရ သေတော့မယ်၊ နင့်အကောင်နင်းတဲ့ ဆိုက်ကား ငါတို့က ဘာလုပ်ရမှာလဲ"

"သိဘူးလေ၊ အစ်ကိုကြီးတို့က ဗလတောင့်တော့ ဆိုက်ကားနင်းမလို့လားလို့"

သူတို့ ဘာမှဆက်မပြောတော့၊ သူတို့ ဘာမှဆက်မပြောနိုင်တော့သော အကြောင်းအရာက ရှိလာပြီဖြစ်သောကြောင့်ဖြစ်သည်၊ သူတို့တွေ စကားပြောနေစဉ် ယွန်းယွန်းတစ်ယောက် ခြံထဲသို့ အေးဆေးသက်သာစွာ ဝင်လာသောကြောင့်ဖြစ်ပါသည်။

ယွန်းယွန်းကိုမြင်တော့ အကောင်ကြီးခြောက်ယောက် ပျာယီပျာယာ ဖြစ်သွားကြ၏။ သူတို့အထဲတွင် ဗလအကြီးဆုံး အကောင်ကြီးက

"မမလေးရယ်. . . ဆရာကြီးက မမလေး ပါမလာရင် အိမ်ပြန်မလာရဘူး ပြောထားလို့ ကျွန်တော်တို့လည်း ကြံမိကြံရာနဲ့"

"တော်တော့ ကိုဗလ၊ ရှင်တို့ပြောမယ့်စကားကို ကျွန်မ သိတယ်၊ အခု ရှင်တို့ရှေ့ ကျွန်မရောက်ပြီမလား၊ သူ့ကို ပြန်လွှတ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ် . . . ဟုတ်ကဲ့ပါ"

ဗလကြီးက သူ့နောက်က လူတွေကို လှည့်ကြည့်၍ မျက်စ ပစ်ပြလိုက်သည်။ ထို့နောက် အေးမိကို လွှတ်ပေးလိုက်ကြ၏။ အေးမိ က ကြောင်တောင်တောင်ကြီးနှင့် ယွန်းယွန်းကိုတစ်လှည့် သူ့ကိုဖမ်း ထားသော လူတွေကိုတစ်လှည့် ကြည့်၏။

အခုမှ သူက ယွန်းယွန်းကိုမြင်ဖူး၍ အဲဒီမိန်းမနဲ့သူ ဘယ်လို ပတ်သက်နေလဲဆိုတာ မသိဘဲဖြစ်နေ၏။ အဲဒီမိန်းမကို ဘာဖြစ်လို့ ကျွဲလောက်ရှိသည့် ယောကျ်ားကြီးတွေက ရိုရိုကျိုးကျိုး ဆက်ဆံနေ လဲဆိုတာလည်း နားမလည်နိုင်ဖြစ်နေ၏။

"ဟဲ့ . . . သွားတော့လေ၊ ဘာလဲ ဒီမှာနေချင်သေးလို့လား"

တစ်ယောက်က စိတ်မရှည်သလို လှမ်းပြောလိုက်မှ အေးမိ နေရာမှ ပြေးထွက်ကာသွား၏။ ခြံအပြင်ရောက်တော့ သူ့ကို အသင့် စောင့်ကြိုနေသည့် မှတ်ကြီးကို တွေ့လိုက်ရလေသည်။ ရုတ်တရက် ဆိုတော့ သူမပျော်ပြီး မှတ်ကြီးကို ပြေးဖက်လိုက်သည်။

ပြီးတော့မှ အသိပြန်ဝင်သွားကာ

"အို . . . လွှတ်ပါ . . . ယောင်လို့"

"မယောင်ပါနဲ့ အေးလေးရယ်၊ ဒီလိုပဲ တစ်သက်လုံး





နေသွားကြရအောင်နော်"

"သွားပါ၊ သူများကို လူဆိုးတွေလက်ထဲ ထည့်ပြီးတော့"

"ဟာ . . . ကိုယ်က ထည့်တာမှမဟုတ်တာ၊ သူတို့က အေးလေးကို ဖမ်းသွားလို့ ကိုကိုမှတ် လာကယ်တာလေ"

"အဲ . . . ဒါနဲ့ သူတို့က ဘာလို့ အေးမိကိုဖမ်းပြီး ကိုကိုမှတ် ကို ခြိမ်းခြောက်တာလဲ"

"ဒါကတော့ အေးမိကို ကိုကိုမှတ်က မခွဲနိုင်မခွာရက် ဖြစ်နေ တယ်ဆိုတာ သိသွားလို့နေမှာပေါ့၊ အဲ . . . သူတို့ ကိုကိုမှတ်ဆီက လိုချင်တာကတော့ ခုနခြံထဲကိုဝင်သွားတဲ့ ကောင်မလေးပဲ"

"ဘယ်လို . . . ခုန ကောင်မလေး . . ဟုတ်လား၊ ခုန ကောင်မလေးက ကိုကိုမှတ်နဲ့ ဘာလဲ"

အေးမိက ရုတ်တရက်ဆိုတော့ သဝန်တိုပြီး စိတ်ကောက် မလို့လုပ်၏။ မှတ်ကြီးက အချိန်မီတားလိုက်နိုင်၍ အကြောင်းစုံ ရှင်းပြလိုက်သည်။ မှတ်ကြီးက အေးမိကို ရှင်းပြနေချိန်တွင် ထိုခြံဝင်း ကြီးထဲမှ တောင်းအော့ကားတစ်စီး ဝူးခနဲထွက်သွားတာ မြင်လိုက်ရ ပါတော့သည်။ ကားထဲတွင် ယွန်းယွန်း ပါကာသွားလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ယျှန်း ယွန်းကို တင်လာသော ကားသည် လမ်းကွေ့ချိုးလေး တစ်ခုတွင် ဆိုက်ကားနှစ်စီး ခေါင်းချင်းဆိုင်ပြီး တစ်ယောက်နဲ့ တစ်ယောက် အကြီးအကျယ် ရန်ဖြစ်နေသော ဆိုက်ကားသမား နှစ်ယောက်ကြောင့် ရှေ့သွားမရဘဲ ရပ်တန့်ကာသွား၏။

ကားမောင်းလာသည့် ဗလကြီးက စိတ်မရှည်စွာ လှမ်းကြည့်၍

"ဟေ့လူတွေ. . . ခင်ဗျားတို့နှစ်ယောက် ကိစ္စရှင်းချင်ရင် လမ်းဘေးကပ်ရှင်းကြဗျာ၊ ဒီမှာ သွားစရာ အရေးကြီးနေတယ်၊





ဘေးဖယ်"

ဆိုက်ကားသမားနှစ်ယောက်မှာ ဖိုးထောင်နဲ့ အောင်ကြီး ဖြစ်သည်။ သူတို့နှစ်ယောက်က ကားဘက်သို့ လှည့်ပင်မကြည့်ဘဲ ရန်ဆက်ဖြစ်ကြ၏။ ကြာလာတော့ ကားရှေ့ခန်းမှ ဗလကြီးနှင့် နောက်တစ်ယောက် ဆင်းကာသွားသည်။

ဖိုးထောင်တို့နား ရောက်သွားတော့

"ကျုပ်တို့ပြောနေတာ မကြားဘူးလား"

"မကြားဘူးကွာ"

ဖိုးထောင်၏ ရွတ်တရက် ပြန်ပြောလိုက်သောစကား ကြောင့် ဗလကြီးက နည်းနည်းကျောတွန့်သွား၏။ သို့သော် မိမိတို့က ခြောက်ယောက်ဆိုတော့ ခပ်ရဲရဲ ပြန်ဖြစ်လာကာ

"မင်းတို့ ဘာစကားပြောတာလဲ"

"ဗမာစကားပြောတာ၊ နားမလည်ဘူးလား"

"ဘာကွ"

ဗလကြီးအော်သံကြောင့် ကားထဲမှ ကျန်တဲ့လေးယောက် ပါ ဆင်းလာကြသည်။ ထိုနောက် ဖိုးထောင်နဲ့ အောင်ကြီးတို့ကို ဝိုင်း လိုက်၍



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြော. . . မင်းတို့ဘာလုပ်ချင်လဲ"

ဖိုးထောင်နဲ့ အောင်ကြီးက ခြောက်ယောက်လုံးကို မျက်လုံးလေးတွေ ပေကလပ် ပေကလပ်နဲ့ကြည့်ကာ

"ဟင့်အင်း. . . ဘာမှမလုပ်ချင်ပါဘူး"

"မလုပ်ချင် ဒီနေရာက အခုဖယ်"

"ဟုတ်. . . ဟုတ်ကဲ့ ဖယ်ပါ့မယ်"

ဖိုးထောင်နဲ့ အောင်ကြီးတို့ ထိုနေရာမှ ဆိုက်ကားလေးတွေကိုယ်စီတွန်းကာ ထွက်သွားကြပါတော့သည်၊

"ဘယ်လိုကောင်တွေမှန်း မသိဘူး၊ အူကြောင်ကြောင်တွေ"

ဗလကြီးက ထိုသို့ပြောပြီး ခြောက်ယောက်လုံး ကားဘက်ပြန်လှည့်ကြည့်လိုက်တော့

"ဟင်"

ခြောက်ယောက်လုံး မျက်လုံးပြူးသွားကြ၏။ မပြူးခံနိုင်ရိုးလား။ ကားထဲမှာ ယွန်းယွန်း မရှိတော့၊ အားလုံး ပျာယာခတ်သွားကာ သွေးရူးသွေးတန်းတွေ ဖြစ်သွားကြသည်၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း ယွန်းယွန်းနဲ့တူတာဆိုလို့ ကောင်မလေးတစ်ယောက်တောင် မရှိ။





"ဟို ဆိုက်ကားသမား"

ခြောက်ယောက်ထဲက တစ်ယောက်က ရေရွတ်လိုက်သည်၊ ထို့နောက် တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်၍

"ဒီကောင်တွေ တစ်ဖွဲ့တည်းဖြစ်မယ်"

"ဟုတ်တယ်"

"ဒါဆို ဒီနှစ်ကောင်နောက် လိုက်ကြရအောင်"

ထိုသို့ပြောပြီး အားလုံး လှည့်ကြည့်လိုက်တော့ အောင်ကြီးနဲ့ ဖိုးထောင်ပါ မရှိတော့။

"ဟာ"

အားလုံး ရင်ထဲမှာ ဟာခနဲ ဖြစ်သွားကြလေသည်။ ထိုအချိန်တွင် နှင်းဆီပန်းလေးတစ်ပွင့်ကိုင်ပြီး နမ်းကာ နမ်းကာနှင့် လမ်းချိုးလေးတစ်ခုထဲမှ ထွက်လာသော ဦးဆန်းကို သူတို့တွေ့လိုက်ကြ၏၊ ခြောက်ယောက်အနက်မှ လေးယောက်က ဦးဆန်းတို့တွေ့တော့ သံပြိုင်ကြီးနှင့်

"သုံးကျွန်းပြန် မောင်ဆန်း"

ဦးဆန်းက သူတို့အသံကြားတော့ ဖျတ်ခနဲ မော့ကြည့်သည်၊ ထို့နောက် ဗလကြီးတို့ကိုလည်း မြင်ရော လက်ထဲမှာ ဂျမ်းဘုံးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အမြန်တနိုးခူးလာတဲ့ ပန်းကလေး ဘုတ်ခနဲဆို ပြုတ်ကျသွား၏။

ခဏနေတော့

"ဟော့လူ. . . မပြေးနဲ့. . . မပြေးနဲ့"

ဦးဆန်း မှုန်မှုန်ထအောင် ပြေး၏။ ဟိုတစ်ခါ လေးယောက်တောင် ဒီလောက်ခံလိုက်ရလျှင် ဒီတစ်ခါ ခြောက်ယောက်ဆို သူ့ဘဝ သေဖွယ်ရာရှိလေသည်။

"ဟော့. . . သာကေတကမောင်ဆန်း မပြေးနဲ့"

"ဟော့. . . သုံးကျွန်းပြန်မောင်ဆန်း မပြေးနဲ့"

"ဟင့်အင်း. . . ဟင့်အင်း"

ဦးဆန်းကြီးက ခေါင်းကြီးခါကာ ထိုသို့အော်ရင်း ပြေးပါလေတော့သည်။

ထိုအချိန်တွင် မှတ်ကြီးတို့စုံတွဲနှင့် ညီသုတတို့စုံတွဲက တစ်နေရာတွင် တွေ့ကြကာ အစီအစဉ်တွေကို ဤသို့ရေးဆွဲကြ၏။

နံပါတ်တစ်. . . ညနေ မှီရာကားနှင့် ညီသုတတို့က မန္တလေးကို ခရီးဆက်ရန်။

နံပါတ်နှစ်. . . မှတ်ကြီးနဲ့ အေးမိတို့က နေ့ချင်းပြီး လက်ထပ်၍ ညီသုတတို့နောက် တစ်ပြန်တလှည့် လိုက်သွားကြရန်တို့ ဖြစ်လေသည်။

ရာသီဥတုကြီးက မှန်တိုင်းပြီးလို့ လေပြည်လေညင်းသော့သလို သာယာကြည်လင်နေပါ၏။

ဖိုးထောင်နဲ့ အောင်ကြီးကတော့ ညီသုတတို့ ပေးလိုက်သည့် ပိုက်ဆံနှင့် ဆိုင်တစ်ဆိုင်မှာ နပ်ချေပြီ။

အားလုံးထဲတွင် မငြိမ်းချမ်းသူကား

"ဟော့ကောင်. . . သာကေတက မောင်ဆန်း၊ ရပ်စမ်း"

"ဟင့်အင်း. . . ဟင့်အင်း"

"ဟော့ကောင်. . . သုံးကျွန်းပြန်၊ ရပ်စမ်း"

"ဟင့်အင်းဆို. . . ဟင့်အင်း"

[illegible]

[illegible]





www.burmeseclassic.com